# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၇၈)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ၁၂–၉–၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

### ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရုံး(Peace Palace)ရှိ အစည်းအဝေးခန်း၌ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်က ကြိုဆိုနှုတ်ဆက်စဉ်။

### မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၁

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

### System Breakdown ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြား

နေပြည်တော် စက်တင်ဘာ ၁၁

အကြမ်းဖက်သမားများ၏ဖျက်ဆီးမှုကြောင့် ဓာတ်အားပေးစက်ရုံအချို့နှင့် ဓာတ်အားလိုင်းအချို့ ပုံမှန်လည်ပတ်ပို့လွှတ်နိုင်မှုမရှိသည့် အခြေအနေတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ ဓာတ်အားအပြည့်အဝ ရရှိစေရေးအတွက် စွန့်လွှတ်စွန့်စားစိတ်များဖြင့် ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများ ပြုပြင်ခြင်း၊ ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြောင်းလဲချိတ်ဆက်ခြင်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ သို့ ■

### "စုံ" / "မ" ရက်စနစ် - QR Code သတ်မှတ်ချက်နှင့်အညီ စက်သုံးဆီအရောင်းဆိုင်များတွင် ပုံမှန်အခြေအနေအတိုင်း ရောင်းချလျက်ရှိ



စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်တွင် QR Code သတ်မှတ်ချက်ဖြင့် ရောင်းချပေးနေမှုကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီ ဖြိုးဖြိုးချွေတာသုံးစွဲရေးနှင့် ဖူလုံမှုရှိစေရေးအတွက် "စုံ"ရက်များတွင် စုံနံပါတ်အက္ခရာပါသော ယာဉ်များနှင့် "မ"ရက်များတွင် မနံပါတ်အက္ခရာပါသောယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင အသုံးပြုရန် ထုတ်ပြန်ခဲ့သည့်ပြည်သူသို့အသိပေးကြေညာချက်များအား ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ပယ်ဖျက်ခဲ့ပြီး နိုင်ငံ၏ စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းစနစ်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသော "စုံ"/ "မ" ရက်စနစ်– QR Code သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဝယ်ယူရန်ဖြစ်ကြောင်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင်

စာမျက်နှာ ၈ သို့ ○



### ကီလိုမာလကာစိုက်ပျိုးရောင်းချသူများ မိသားစုအပိုဝင်ငွေရရှိ

ကျောက်ဆည် စက်တင်ဘာ ၁၁

ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် စပါးသီးနှံကို အဓိကထား စိုက်ပျိုးကြသော်လည်း ယာမြေများနှင့်ကိုင်း၊ ကျွန်းမြေများတွင် ရာသီပေါ်သီးနှံများဖြစ်သည့် ဟင်းသီးဟင်းရွက် ပင်များ၊ နနွင်း၊ နှမ်း၊ ဝါ၊ ငှက်ပျော၊ ပဲတီစိမ်း၊ ငရုတ်စသည့် သီးနှံမျိုးစုံလည်း စိုက်ပျိုးကြကြောင်း ကီလိုမာလကာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများ မိသားစု အပိုဝင်ငွေရရှိပြီး စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ကီလိုမာလကာသည် စိုက်ပျိုးပြီး တစ်နှစ်အတွင်း ရောင်းတန်းဝင်အသီးများကို စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ရောင်းချရာတွင် ခေါင်းရွက်၊ ဗျပ်ထိုးဈေး သည်များမှ မာလကာခြံထဲအထိလာပြီး အကြီး၊အသေးအပေါ်မူတည်ပြီး တစ်လုံးလျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ ဖြင့် နေ့စဉ်လာ၍ ဝယ်ယူကြောင်း၊ မိသားစုအပိုဝင် ငွေလေးရရှိရေး ခြောက်နှစ်သက်တမ်းရှိ

စာမျက်နှာ ၈ သို့ ❑

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၁၂ ရက် ၊ စနေနေ့။

မန္တလေး

# ယင်းမာလှိုင်သင်း လတော်သလင်း

တော်သလင်းလသည် မြန်မာ့ပြက္ခဒိန်တွင် ဆဋ္ဌမမြောက်လဖြစ်သည်။ မိုးတွင်းကာလဖြစ်ပြီး ဝါတွင်းသုံးလတွင်လည်း ပါဝင်နေသည်။ မိုးတွင်းသည် မြန်မာပြည်သူတို့အတွက် အမှတ်တရရာသီဖြစ်ပြီးစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ လယ်ယာစိုက်ပျိုးရေးကိုအလေးထားကြသည်။ သို့ဖြစ်၍ လယ်ယာလုပ်ငန်းအတွက် အရေးပါသော မိုးရာသီတော်သလင်းလသည် မြန်မာ့လယ်သမားကြီးများအတွက် အားထားရသောလဖြစ်သည်။

တော်သလင်းလကို ရှေးအခါက သစ်ဆင်းလဟုလည်းခေါ်ဆိုကြကြောင်း သိမှတ်ရသည်။ တော်သလင်းလသည် ရေစီးအဟုန်ကောင်း၍ မြစ်များအတွင်း သာယာသောကြောင့် သစ်ဖောင်များ၊ ဝါးဖောင်များ စုန်ဆင်းသည်ကို အစွဲပြုကာ ''သစ်ဆင်း''လ ဟုခေါ်တွင်ခြင်းဖြစ်သည်။ ပင်လယ်ရေလုပ်သားတို့သည်လည်း တော်သလင်းလတွင် ပင်လယ်အတွင်း ငါးဖမ်းခြင်းလုပ်ငန်းကို စတင်လုပ်ကိုင်ရန်အတွက် ပင်လယ်ပြင်သို့ ထွက်ခွာလေ့ရှိကြသည်။

''တော်သလင်းနေ ပုစွန်သေ''ဟု ဆိုသည့်အတိုင်း နေရှိန်ပြင်းသော လလည်းဖြစ်သည်။ တော်သလင်းလ၏ ရာသီပန်းမှာ ယင်းမာပန်း ဖြစ်သည်။

လအလိုအားဖြင့် ဝါဆို၊ ဝါခေါင်၊ တော်သလင်း ဝါတွင်းသုံးလအတွင်း နောက်ဆုံးလပြည့်ဖြစ်သည်။ ဝါတွင်းသုံးလတွင် ကုသိုလ်ကောင်းမှု၊ သူတော်ကောင်းတရားများ အစဉ်ကျင့်ကြံပွားများကြသောကာလဖြစ်သည်။ တော်သလင်းလတွင် ရှေးအခါက''လှေသဘင်ပွဲတော်'' ကျင်းပလေ့ရှိသည်။ လှေသည် မြန်မာ့လူမှုဓလေ့တွင် အရေးပါပြီး ကျေးလက်ဇနပုဒ်မှ ဘုရင့်နန်းတော်အထိ လှေကို အသုံးပြုကြသည်။အသုံးတွင်ကျယ်သောလှေကို အထူးဂုဏ်ပြုသောအားဖြင့် လှေသဘင် ပွဲတော် ကျင်းပခြင်းဖြစ်သည်။ ရှေးမြန်မာဘုရင်များ အမြော်အမြင်ရှိ ကျင်းပလေ့ရှိသောပွဲလည်း ဖြစ်သည်။ မြန်မာ့ရေတပ်အတွက် လှေလှော်လှေခတ်အတတ်များ ကျွမ်းကျင်သော ရေတပ်သားများ ပေါ်ထွန်းစေရန် ကျင်းပခြင်းဖြစ်သည်။ ရှေးဘုရင်များခေတ်က လှေသဘင်ပွဲတော်ကျင်းပရာတွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရှုစားတော်မူသည်။ မြတ်နိုးဖွယ်ရာကောင်းသော မြန်မာ့ရိုးရာ အစဉ်အလာလည်းဖြစ်သည်။

ထို့အပြင်''တော်သလင်းမိုး ကန်သင်းကျိုး'' ဆိုသကဲ့သို့ တော်သလင်းလ၌ ရွာသောမိုးသည် သည်းထန်သောကြောင့် ကန်သင်းများကျိုးကာ ရေများဝင်ရောက်ပြီး စပါးခင်းများ ပျက်စီးခြင်းလည်း ရှိတတ်ပြန်သည်။

တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့အဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ ဂရုဓမ္မဟူသည် အလေးအမြတ်ပြုအပ်သော တရားရှိသေလေးစား ဝန်ခံရာတွင် ပြုကျင့်အပ်သောတရားဟု ခေါ်သည်။ ဂရုဓမ္မတရား ငါးပါးရှိပြီး သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ဥစ္စာပစ္စည်း ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး သားမယားအား ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်သော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊သေရည်သေရက် မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းများ ဟူသည့် ငါးပါးသီလပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာ အစဉ်အလာလှေသဘင်ပွဲတော်နှင့် ယင်းမာလှိုင်သင်း လတော်သလင်းသည် လူတိုင်းလူတိုင်းအတွက် ဂရုဓမ္မတရားဖြင့် ကျင့်သုံးနေထိုင်ပြီး ယခုဘဝ၊နောင်ဘဝတို့တွင် ကောင်းမြတ်ရန်နှိုးဆော်လျက်ရှိသောလဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မြင်းခြံမြို့၌ ကိုယ်ပိုင်ကျောင်းများ မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

**မြင်းခြံ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကိုယ်ပိုင်ကျောင်းများ မိုးရာသီ ဘောလုံးပြိုင်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက ပြည်သူ့အားကစားကွင်းတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြင်းခြံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသူများက ''ပွဲသိမ်းဂိုး'' ''Waka Waka'' သီချင်းများဖြင့် ကပြဖျော်ဖြေခဲ့သည်။

အဆိုပါ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကိုယ်ပိုင်ကျောင်းများ မိုးရာသီ ဘောလုံးပြိုင်ပွဲကို ကိုယ်ပိုင်ကျောင်းများမှ အသင်းရှစ်သင်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၆)

# စနစ်ကျသောစိုက်ပျိုးရေးစနစ် စီမံကိန်းဆောင်ရွက်နိုင်ရေးအစည်းအဝေး ကျင်းပ

**တံတားဦး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးတံတားဦးခရိုင်၊ တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဆောင်ပြီးသမဝါယမစနစ်ကိုအခြေခံ၍ စပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် Cooperative – Based Farming Project (CBFP) စီမံကိန်းဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့ အင်းဝခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူက အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က စီမံကိန်းဆောင်ရွက်နိုင်ရေး အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် စီမံကိန်းဧရိယာ ဦးစားပေး ရွေးချယ်ဆောင်ရွက်မှု၊ စီမံကိန်းဆောင်ရွက်ရမည့် အခြေခံမူများနှင့် ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနဆိုင်ရာများက လိုအပ်သည့် ကိစ္စများကို ဖြည့်စွက်ဆွေးနွေးကြသည်။

တံတားဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းတွင် မျိုးသွင်းအားစုများပံ့ပိုးဆောင်ရွက်ရာတွင် စိုက်ဧက ၇၀၀ ကိုလည်းကောင်း၊ မိုးဝါသီးနှံစီမံကိန်းဆောင်ရွက်ရာတွင် ဧက ၈၀၀ ကိုလည်းကောင်း၊ ဆောင်းဆီထွက်သီးနှံဖြစ်သည့် မြေပဲစီမံကိန်းတွင် ၄၀၁၂ ဧကကိုလည်းကောင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းပံ့ပိုးဆောင်ရွက်ရာတွင် နွားကောင်ရေ ၇၇၆ ကောင်ကိုလည်းကောင်း၊ သက်တန့်ရောင်စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုတွင် ဝက်ကောင်ရေ ၉၄ ကောင်ကိုလည်းကောင်း ဆောင်ရွက်ထားကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

ရဲတင့်(ပြန်/ဆက်)

# စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများထုတ်ပြန်

**မန္တလေး စက်တင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ စားအုန်းဆီ တစ် ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ၇၁၇၉ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီရောင်းချမည့် ဈေးနှုန်းများအား ရန်ကုန် အထိုင်ဈေးအပေါ်မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေး အပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်းထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက် မှ စက်တင်ဘာ ၇ ရက် အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီ ဈေးနှုန်းများမှာ မန္တလေးမြို့ငွေကျပ် ၈၅၀၀၊ မိတ္ထီလာမြို့ငွေကျပ် ၈၃၂၀၊ ရမည်းသင်းမြို့ငွေကျပ် ၈၂၉၀၊ ကျောက်ဆည်မြို့ငွေကျပ် ၈၄၅၀၊ ပြင်ဦးလွင်မြို့ငွေကျပ် ၈၅၄၅၊ မြင်းခြံမြို့ငွေ ၈၅၇၅ ကျပ်၊ ညောင်ဦးမြို့အတွက်ငွေကျပ် ၈၄၈၀ ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

၀-၀-၀

# ဆေးပဒေသာပင် ကျပ်သိန်း(၃၀) လှူဒါန်း

**ပြင်ဦးလွင် စက်တင်ဘာ ၁၁**

ပြင်ဦးလွင်မြို့နယ် ချယ်ရီရိပ်ဖောင်ဒေးရှင်းအလုပ်အမှုဆောင် ဦးမြင့်ဝေ မိသားစုက ကွယ်လွန်သူ ဒေါ်နန်းခင်ယုလှိုင်အား ရည်စူး၍ စက်တင်ဘာ ၉ ရက်တွင် ပြင်ဦးလွင် ခုတင်(၇၀၀)စစ်ဆေးရုံသို့ ဆေးပဒေသာပင် ငွေကျပ်သိန်း ၃၀ အား ပေးအပ်လှူဒါန်းခဲ့ရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုလွှာမှတ်တမ်းပြန်လည်ပေးအပ်ခဲ့သည်။



အလားတူ တစ်နေ့တည်းတွင် ပြင်ဦးလွင် ပြည်သူ့ဆေးရုံသို့ ၁၅ သိန်းကျပ်၊ ရွှေစင်မင်းသီလရှင်ကျောင်းတိုက်သို့ ငွေကျပ် ၁၀ သိန်းနှင့် သင်္ဂြိုဟ်သုခနာရေးကူညီမှုအသင်းသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

စောအောင်(တီကျစ်)

## ၁၁ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲပြုလုပ်မည့်ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ်ရုံး(Peace Palace) သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ကကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် သမ္မတကြီးအနေဖြင့် တစ်ကြိမ် လာရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်တွင် အဆွေတော်၏ ကူညီဆောင်ရွက်ပေးမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ဖနောင်ပင်မြို့၏ မြို့ပြစနစ်တကျ ခေတ်မီ တိုးတက်လာမှုများကို တွေ့မြင်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေး ငလျင်ကြီး လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မြန်မာပြည်သူများအပေါ် လူသားချင်း စာနာထောက်ထားသည့် စိတ်၊ မိတ်ဆွေကောင်းပီသသည့် စိတ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိ၏ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်း အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံမှ အထူးကိုယ်စားလှယ် စေလွှတ်ပေးခြင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခြင်းခံရမှုအပေါ် အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့မှုအတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ ပထမပိုင်းနှင့် တတိယပိုင်းကို ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များကို လေ့လာသူအဖြစ် စေလွှတ်ပေးသည့်အတွက် အသိအမှတ်ပြု ဝမ်းမြောက်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် ထောက်ခံပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်သည့် အချိန်တွင် ကမ္ဘောဒီးယား - မြန်မာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက်ခိုင်မာလာအောင်ကြိုးပမ်းလုပ်ဆောင်သွားမည်ကို အခိုင်အမာ ပြောကြားလိုကြောင်း ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို အစဉ်တစိုက် ထောက်ခံပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူဆောင်ရွက်သည့် အချိန်တွင် ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးတက် ခိုင်မာလာအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ကို အခိုင်အမာပြောကြားလို

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ ရှေ့မှောက်တွင် တာဝန်ရှိသူများက နှစ်နိုင်ငံအကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကြစဉ်။

ယင်းနောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ရပ်တည်ထောက်ခံပေးလျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)ကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်း ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေ၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း ငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများ ပပျောက်စေရေး ထိထိရောက်ရောက်ရှင်းလင်းဆောင်ရွက်လျက်ရှိမှုနှင့် ကမ္ဘောဒီးယားနိုင်ငံအစိုးရအနေဖြင့်လည်း အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲလျက်ရှိမှု၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးထားပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံ

စာမျက်နှာ ၄ သို့ »»»

မြန်မာနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ ယနေ့ နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်

**ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင် က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး


နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေးနန်းတော် (Solidarity Palace)၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌနှင့် အတူ ကမ္ဘောဒီးယားနိုင်ငံအစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တည်းခိုရာဟိုတယ်မှ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ရှိ ညီညွတ်ရေးနန်းတော်သို့ထွက်ခွာရာ လမ်းဘေးဝဲ/ယာ တစ်လျှောက်တွင် ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံအလံများ၊ နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ဓာတ်ပုံများနှင့် ပန်းစည်းများ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း၊ ကင်းထောက်လူငယ် မောင်မယ်များက အလေးပြု၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတော် သီချင်းတို့ကို တီးမှုတ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

စာမျက်နှာ ၅ သို့ ✣

»» စာမျက်နှာ ၃ မှ

တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည် ဆောင်ရွက်သွားမည့် အခြေအနေနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အပြန်အလှန် မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချုပ်၊ အခွန်နှစ်ထပ် ကျသင့်မှုမှရှောင်ရှားရေး သဘောတူစာချုပ်၊ ယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်မာနက်တို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာ လိုက်ပါ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

✣ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား အပြန်အလှန်မိတ်ဆက်ပေးကြပြီး နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့သည် ငြိမ်းချမ်းရေးနန်းတော် (Puthi Chey Hall)၌ တွေ့ဆုံဆွေးနွေးကြသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့က ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကတည်းက တွေ့ဆုံမှုများရှိခဲ့ပြီး ယခုကဲ့သို့ အဆွေတော်နှင့် ထပ်မံတွေ့ဆုံရသည့်အတွက်လည်း များစွာဝမ်းမြောက်ပါကြောင်း၊ မိမိတို့ဘုရင်မင်းမြတ်အနေဖြင့် ပြည်ပသို့ခရီးစဉ်ရောက်ရှိနေသဖြင့် မိမိမှ ၎င်း၏ကိုယ်စား အဆွေတော်အား ယခုကဲ့သို့ ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ခံအစိုးရက နိုင်ငံတော်တာဝန် ထမ်းဆောင်နေမှုအပေါ်တွင်လည်း မိမိတို့အနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင်လည်း မိမိတို့ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များကိုစေလွှတ်ခဲ့ရာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါကြောင်း၊ အဆွေတော်ကိုသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့မှုအပေါ် မိမိအနေဖြင့် ဂုဏ်ယူပါကြောင်းနှင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကိုလည်း ပေးပို့ခဲ့ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့အနေဖြင့် မြင်တွေ့နေရပါကြောင်း၊ ယခုအဆွေတော်၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ကုန်သွယ်မှုနှင့်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုမြင့်တင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲတွင် မိမိတို့အနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ပြည်ပသို့ ရောက်ရှိနေသည့် အဆွေတော်တို့၏ ဘုရင်မင်းမြတ်နှင့် မယ်တော်မိဖုရားကြီးကိုလည်း နှုတ်ခွန်းဆက်သပါကြောင်းနှင့် ခရီးစဉ် ဖိတ်ကြားမှုအတွက်လည်း ကျေးဇူးတင်ရှိသည်ကို အဆွေတော်မှတစ်ဆင့် စကားပါးလိုပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်သည့် ခရီးစဉ်ဖြစ်သည့်အပြင် မိမိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်သည့် ပထမဆုံးသောခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့ရောက်ရှိချိန်တွင် ဖနွမ်းပင်မြို့၏ အံ့သြဖွယ်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သာယာမှုကို သတိပြုမိပါကြောင်း၊ အဆွေတော်၏ မဆုတ်မနစ်သော ဇွဲ လုံ့လနှင့် နိုင်ငံကို ယခုကဲ့သို့ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက်လည်း ချီးကျူးပါကြောင်းနှင့် အဆွေတော်အတွက် ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် ခန့်အပ်ခြင်းခံရမှုအပေါ် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ မြန်မာနိုင်ငံအပေါ် ညီရင်းအစ်ကိုပမာ စိတ်ဖြင့် အစဉ်တစိုက်အားပေးထောက်ခံမှုများနှင့် မြန်မာနိုင်ငံ၏ဖြစ်ပေါ် တိုးတက်မှုများအပေါ် အထူးအလေးထားစိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆွေတော်၏ လမ်းညွှန်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံက အရေးပေါ် ရန်ပုံငွေပေးပို့ကူညီခဲ့သည်ကို အထူးပင် ကျေးဇူးတင်အမှတ်ရနေပါကြောင်း၊ အဆွေတော်အနေဖြင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ခဲ့ရာမြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်ပြီး မိတ်ဆွေကောင်းပီသစွာ ဖေးမကူညီခဲ့သည့်အတွက် အမြဲကျေးဇူးတင် အမှတ်ရလျက်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဥပဒေပြုရေးတွင် အရေးပါသည့် မဏ္ဍိုင်တစ်ခုဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဘုရင့်အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌဖြစ်သူ အဆွေတော်နှင့်တွေ့ဆုံပြီး မိမိတို့နှစ်နိုင်ငံ ဥပဒေပြုရေး မဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်သွားနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ရှည်လျားကောင်းမွန်လျက်ရှိမှုအခြေအနေ၊ နှစ်နိုင်ငံနယ်နိမိတ်များ ထိစပ်နေသည့် နိုင်ငံများမဟုတ်ကြသော်လည်း ဘာသာရေး၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအရ တူညီသည့်ဆက်နွယ်မှုများရှိပြီး နှစ်နိုင်ငံဆက်ဆံမှုများ ကောင်းမွန်လျက်ရှိမှုအခြေအနေ၊ မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံသည် ဒေသတွင်းနှင့်နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန်ရပ်တည် ထောက်ခံလျက်ရှိမှုအခြေအနေ၊ အစိုးရအဖွဲ့အစည်းများအကြား သာမက တပ်မတော်နှစ်ရပ်အကြားနှင့် ပြည်သူများအကြားတွင်လည်း ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်

> ☆ **နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်း အကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။


(Joint Commission for Bilateral Cooperation- JCBC)ကဲ့သို့ ယန္တရားများကို ပြန်လည် စတင်ဆောင်ရွက်သွားနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အနာဂတ်အတွက် အလားအလာ ကောင်းများရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါက ကြီးမားသည့်အောင်မြင်မှုများ ရရှိလာနိုင်မှု အခြေအနေ၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး အပြန်အလှန်ခရီးစဉ်များ ဆောင်ရွက်သွားနိုင်သည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် မဲခေါင် - လန်ချန်း၊ CLMV နှင့် ACMECS တို့ကဲ့သို့သော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားများတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် ယခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ACMECS အစည်းအဝေးများကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခုကာလအတွင်း "လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ACMECS ဒေသတည်ဆောက်စို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်း စာမျက်နှာ ၆ သို့ ✣

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary နှင့် ကမ္ဘောဒီးယား အမျိုးလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပပြုလုပ်မည့် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိရာ ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်သမ္မတနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary နှင့် ကမ္ဘောဒီးယား အမျိုးလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

### တက်ရောက်

ထို့နောက် တွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အတူ လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှည်လျားသည့် ရာဇဝင်သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ကိုးကွယ်ယုံကြည်မှု၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကြိုးပမ်းတည်ဆောက်ခဲ့ရမှုများ စသည်ဖြင့် တူညီကြပြီး ချစ်ကြည်ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများဖြစ်မှု အခြေအနေ၊ နှစ်နိုင်ငံသည် မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး သမိုင်းအစဉ်အလာကြီးမားကာ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများရှိခဲ့ကြသည့် အခြေအနေ၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုအခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ရွေးကောက်ခံအစိုးရအဖွဲ့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်က ကမ္ဘောဒီးယားနိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ကမ္ဘောဒီးယား လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများကို မျှဝေဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအသင်း ဖွဲ့စည်းပြီး လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုတိုးတက် ကောင်းမွန်လာအောင် အလေးထား ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundary တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံအဆင့်မြင့်ကိုယ်စားလှယ်အရာရှိကြီးများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

✣ စာမျက်နှာ ၅ မှ

ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေး ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေကာ ဒေသတွင်းအကျိုးစီးပွားများကို ဟန်ချက်ညီညီ ဆက်လက်ဖော်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌက ငြိမ်းချမ်းရေးနန်းတော်(Aha Phirom Hall)၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။





ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံရိုးရာ တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌတို့က ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှတာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန်နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H.E. Mr. THOR Chetha ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံး မိသားစုဝင်များက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုစဉ် ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ လည်းကောင်း၊ ကမ္ဘောဒီးယား အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ လည်းကောင်း၊ ကမ္ဘောဒီးယားပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ဓာတ်ပုံများ ကိုင်ဆောင်၍ ပန်းစည်းများ ဝှေ့ယမ်း၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု ကြိုဆိုနှုတ်ဆက်စဉ်။







ကမ္ဘောဒီးယားပြည်သူများက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများကိုင်ဆောင်၍ ပန်းစည်းများ ဝှေ့ယမ်းကာ ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြစဉ်။

### ■ System Breakdown မှ

ထိုကဲ့သို့အခြေအနေတွင် ဓာတ်အားပေးစက်ရုံအများစုတည်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းမှ ဝန်အားသုံးစွဲမှုများပြားသည့် မြန်မာနိုင်ငံအောက်ပိုင်းသို့ ဝန်အားအပြည့်ဖြင့် ဓာတ်အားပို့လွှတ်ခြင်းဆောင်ရွက်နေချိန် ယနေ့နံနက် ၆ နာရီ ၂၈ မိနစ်တွင် ၂၃၀ ကေဗွီ သပြေဝ-တောင်တွင်းကြီး ဓာတ်အားလိုင်းသည်အပြစ်ဖြစ်ပေါ်ခဲ့ပြီး ဓာတ်အားလိုင်းကြီးအချို့ ဖျက်ဆီးခံထားရခြင်းကြောင့် ကျန်ရှိနေသည့် ဓာတ်အားလိုင်းများပေါ်တွင်သာ ဝန်ပိုစီးဆင်းမှုထပ်ဆင့်ဖြစ်ပေါ်ရကာ ဆင့်ကဲဓာတ်အားပြတ်တောက်မှုဖြစ်စဉ်ကြောင့် နိုင်ငံတစ်ဝှမ်း ဓာတ်အားပြတ်တောက်မှု System Breakdown ဖြစ်ပေါ်ခဲ့ရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အဆိုပါ ဓာတ်အားလိုင်းအပြစ်ကို ချက်ချင်းပြုပြင် ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့နံနက် ၈ နာရီ ၅၉ မိနစ်တွင် ဓာတ်အားစနစ်ပုံမှန်ပြန်လည်ပို့လွှတ်နိုင်ခဲ့သော်လည်း မွန်းလွဲ ၁ နာရီ ၂၇ မိနစ်တွင် ၂၃၀ ကေဗွီ နေပြည်တော်-တောင်တွင်းကြီး ဓာတ်အားလိုင်းတွင် အပြစ်ထပ်မံဖြစ်ပေါ်ခဲ့သဖြင့် System Breakdown ထပ်မံ ဖြစ်ပွားခဲ့သည်။

ပြင်ဆင်မှုများ ပြန်လည်ဆောင်ရွက်ပြီး ဓာတ်အားပြန်လည်ချိတ်ဆက်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၅၉ မိနစ်တွင် ဓာတ်အားစနစ်ပုံမှန်မောင်းနှင်ခဲ့ပါကြောင်းနှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကြားမှ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်ကြောင့် ပြည်သူများအနေဖြင့် ကြုံတွေ့ခဲ့ရသည့် အဆင်မပြေမှုများအပေါ် သည်းခံနားလည်ပေးကြပါရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စာနာစိတ်များဖြင့် ပန်ကြားလာကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနုပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွှမ်းသူပန်းခွေချ အလေးပြု

နေပြည်တော် စက်တင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော်ဘုရင် သီဟာနု ပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ် ခေါင်းလောင်းပုံမဏ္ဍပ်တို့၌ လွှမ်းသူပန်းခွေချ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လွတ်လပ်ရေးကျောက်တိုင်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဝန်ကြီး H.E. Mr. TEA Seiha နှင့် အဆင့်မြင့်အရာရှိကြီးများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ရှေ့ဆောင်စစ်သည်နှစ်ဦးက ဦးဆောင်၍ လွှမ်းသူပန်းခွေအား သယ်ဆောင်ကာ လွတ်လပ်ရေးကျောက်တိုင်၌ လွှမ်းသူပန်းခွေချ၍ အလေးပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခမည်းတော်ဘုရင် သီဟာနု ပုံတူရုပ်တုထားရှိရာ အထိမ်းအမှတ်ခေါင်းလောင်းပုံမဏ္ဍပ်သို့ ရောက်ရှိကြရာ ကမ္ဘောဒီးယား နန်းတွင်းရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ခမည်းတော်ဘုရင် သီဟာနု၏ ရုပ်တုရှေ့တွင် လွှမ်းသူပန်းခွေချ၍ အလေးပြုခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ပြင်သစ်အုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရရှိခဲ့ခြင်းကို အထိမ်းအမှတ်ပြုရန်အတွက် လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၅၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးကျောက်တိုင်၏ အရှေ့ဘက်ပန်းခြံအတွင်း ခေါင်းလောင်းပုံစံမဏ္ဍပ်ကြီးအောက်တွင် ၂၀၁၂ ခုနှစ်တွင် နတ်ရွာစံခဲ့သည့် လွတ်လပ်ရေးခေါင်းဆောင်ကြီး ခမည်းတော်ဘုရင် သီဟာနု (Norodom Sihanouk) ရုပ်တုကြီးကို ၂၀၁၃ ခုနှစ်တွင် ဆောက်လုပ်ထားရှိကြောင်း၊ နိုင်ငံခြား အကြီးအကဲများ၏ သံတမန်ရေးရာခရီးစဉ် အစီအစဉ်များတွင် လွတ်လပ်ရေးကျောက်တိုင်၌ လွတ်လပ်ရေးသူရဲကောင်းများကို ဂုဏ်ပြုပန်းခွေချပြီး ယှဉ်လျက်ရှိသော သီဟာနုဘုရင်ကြီး၏ ရုပ်တုထားရှိရာ အထိမ်းအမှတ် ခေါင်းလောင်းပုံမဏ္ဍပ်တွင် ဘုရင်ကြီးအား အရိုအသေပေးသည့် ပန်းခွေကို သီးသန့် အစဉ်လိုက် သွားရောက်ချကြလေ့ရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ လွှမ်းသူပန်းခွေချ အလေးပြုစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ ခမည်းတော်ဘုရင် သီဟာနု၏ရုပ်တုရှေ့တွင် လွှမ်းသူပန်းခွေချ၍ အလေးပြုစဉ်။

## ○ "စုံ"/"မ"ရက်စနစ်မှ

နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် စက်သုံးဆီဖူလုံမှုရှိစေရေးအတွက် အစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်သည်နှင့်အညီ စက်သုံးဆီများ တင်သွင်းဖြန့်ဖြူးခြင်းကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီအရောင်းဆိုင်များတွင်လည်း လက်ရှိကျင့်သုံးလျက်ရှိသည့် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသော ယာဉ်များနှင့် "မ"ရက်များတွင် မနံပါတ်အက္ခရာပါသော ယာဉ်များအား QR Code၊ Barcode စနစ်များဖြင့် "စုံ"/"မ" ရက် စနစ်သတ်မှတ်ချက်အတိုင်း အခက်အခဲမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



QR Code၊ Barcode စနစ်များဖြင့် "စုံ"/ "မ" ရက်စနစ်သတ်မှတ်ချက်အတိုင်း စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီရောင်းချနေမှုကို တွေ့ရစဉ်။

## ❑ ရှေ့ဖုံးမှ

ကီလိုမာလကာအပင် ၁၀၀ ကျော်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် သင်ပျို့ကျေးရွာမှ မာလကာခြံပိုင်ရှင် ဒေါ်အေးသီတာက ပြောသည်။

မာလကာစိုက်ပျိုးရာတွင် လေဝင်၊လေထွက်ကောင်းပြီး အပင်များသန်စေရန်နှင့် အသီးလုံးလှစေရန်အတွက် တစ်ပင်နှင့်တစ်ပင် ၁၂ ပေခြားပြီး တစ်တန်းနှင့်တစ်တန်း ၁၅ ပေခန့်ခြားကာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်သားအတွင်း ရောင်းတန်းဝင်အသီးများ စတင်ခူးဆွတ်ရကြောင်း၊ အသီးများ သီးလုံးဖောက်ပိုးမဝင် စေရန်နှင့် အရောင်တောက်ပစေ ရန်အတွက် မာလကာသီးများကို စက္ကူဖြင့်ပတ်ကာ အိတ်များ စွပ်ထားပေးရကြောင်း၊ အိတ်စွပ်ပြီး နှစ်လအကြာတွင် မာလကာသီးများ ခူးဆွတ်ရကြောင်း၊ ကီလို မာလကာသည် မိသားစု တစ်နိုင်တစ်ပိုင်ဖြင့် စိုက်ပျိုးနိုင်ပြီး ဝင်ငွေလွယ်ကူစွာရရှိသဖြင့် စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။ (၄၈၅)

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၂-၉-၂၀၂၆ ည ၇:၃၀ နာရီ | ဂျီနိုအာ - ဖရိုစီနုန် | ဂျီနိုအာ ၁-၁ ဖရိုစီနုန်<br>ဖရိုစီနုန် ၂-၁ ဂျီနိုအာ |
| ၁၂-၉-၂၀၂၆ ည ၁၀:၃၀ နာရီ | လာဇီယို - အေစီမီလန် | လာဇီယို ၁-၀ အေစီမီလန်<br>အေစီမီလန် ၁-၀ လာဇီယို |
| ၁၃-၉-၂၀၂၆ နံနက် ၀၁:၁၅ နာရီ | အတ္တလန္တာ - ကက်ဂလီယာရီ | အတ္တလန္တာ ၂-၁ ကက်ဂလီယာရီ<br>ကက်ဂလီယာရီ ၃-၂ အတ္တလန္တာ |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၃-၉-၂၀၂၆ ည ၈:၃၀ နာရီ | ဆွမ်ဆီး - ဘန်လေ | ဆွမ်ဆီး ၀-၂ ဘန်လေ<br>ဘန်လေ ၁-၀ ဆွမ်ဆီး |

◌ စာမျက်နှာ ၂၄ မှ

တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲအမျိုးသား (+၆၃၊ -၆၀၊ -၇၃)ကီလိုတန်းနှင့် အမျိုးသမီး(-၇၃၊ -၆၃၊ +၇၃) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ရောဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ် အသင်းကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ကယားပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား(+၆၃၊ -၆၀၊ -၇၃)၊ အမျိုးသမီး (-၇၃၊ -၆၃၊ +၇၃) ကီလိုတန်းပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ကယားပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ခဲ့ရာ ကရင်ပြည်နယ်အသင်းကလည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ရှမ်းပြည်နယ်အသင်းက လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ အိချစ်ဆုစံ၊ အကောင်းဆုံးအမျိုးသား အားကစားသမားဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး အသင်းမှ ဝေလင်းထွေး၊ အမျိုးသမီးတစ်ဦးချင်း (-၄၂)ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အိချစ်ဆုစံ(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် ကြည်လွဲလွဲထွန်း (ရှမ်း)၊ တတိယဆုရရှိသည့် ယွန်းနဒီစံ(ရောဝတီ)နှင့် ပူးတွဲတတိယဆုရရှိသည့် ခေါင်နန်း (ကချင်)၊ အမျိုးသမီးတစ်ဦးချင်း (-၅၂) ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နှင်းဝတ်မှုံလွင်(ရောဝတီ)၊ ဒုတိယဆုရရှိသည့် မေဇင်ဖြိုး(ကချင်)၊ တတိယဆုရရှိသည့် နန်းစန္ဒာဦး (ကရင်)နှင့် ပူးတွဲတတိယဆုရရှိသည့် ခင်သူဇာအောင် (ရှမ်း)၊ အမျိုးသားတစ်ဦးချင်း (-၄၂) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဝေယံလင်း (ရန်ကုန်)၊ ဒုတိယဆုရရှိသည့် မင်းသန့်ကျော်(ကရင်)၊ တတိယဆုရရှိသည့် ဟိန်းထက်အောင် (နေပြည်တော်) နှင့် ပူးတွဲတတိယဆုရရှိသည့် ဆင်မြူရယ် နော်ဇက်အောင်(ကချင်)တို့ကို မြန်မာနိုင်ငံဂျူဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက Trophy၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားတစ်ဦးချင်း (-၅၀) ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခိုင်ခန့်(ရန်ကုန်)၊ ဒုတိယဆုရရှိသည့် စောလင်းလက် ကြယ်စင်(ကရင်)၊ တတိယဆုရရှိသည့် အောင်ရဲထွေး (မန္တလေး)နှင့် ပူးတွဲတတိယဆုရရှိသည့် ဂျူနီယာ ခေါင်လွမ်း(ကချင်)တို့ကို အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း၊ (အမျိုးသား/အမျိုးသမီး)အသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်း၊ ပူးတွဲ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း နှင့် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်းဆုတံဆိပ် ရှစ်ခုဖြင့် အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ် အမျိုးသမီးအသင်းတို့အား အားကစားရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးညီညီက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က တံခွန်စိုက် ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

အားကစားရေးရာဝန်ကြီးဌာန အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးကို အထောက်အကူဖြစ်စေရေး၊ မျိုးဆက်သစ်လူငယ်ဂျူဒိုအားကစား သမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ဂျူဒို အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာ စေရေးတို့အတွက် ရည်ရွယ်၍ အဆိုပါ ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ (C) ၌ ပြိုင်ပွဲကာလ လေးရက်ကြာ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်း ၂၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒီဂျစ်တယ်အသွင်ပြောင်းခြင်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရ၏ စွမ်းဆောင်ရည်နှင့် ပြည်သူများ၏ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ဒီဂျစ်တယ်အသွင်ပြောင်းခြင်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရ၏ စွမ်းဆောင်ရည်နှင့် ပြည်သူများ၏ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်သည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ခံယူပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယနေ့ ပြောကြားသည်။



ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂) အစည်းအဝေးခန်းမ၌ ကျင်းပသည့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ၏ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဌာနများအနေဖြင့် လက်ရှိလုပ်ငန်းစဉ် များကို ဒီဂျစ်တယ်ပုံစံပြောင်းလဲ၍ ပြည်သူများအား One-Stop Service ပေးအပ်နိုင်ရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ခြင်းအားဖြင့် အစိုးရ ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့်အပြင် ပြည်သူများ၏ အစိုးရအပေါ် ယုံကြည်ကိုးစားမှုကို လည်း ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ အစိုးရမှ ထုတ်ပြန်သည့် Data Set များကိုပြည်သူများ၊ လုပ်ငန်းရှင် များက တစ်နေရာတည်းမှ လွယ်ကူစွာရရှိအသုံးပြုနိုင် စေရန် Open Government Data စနစ်ကိုလည်း တည်ဆောက်သွားမည်ဖြစ်ပြီး နိုင်ငံ၏ Data-driven Innovation ကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ Data Center၊ Core Network စသည့် ICT Infrastructure များနှင့် Electronic Document Management System (EDMS) ကဲ့သို့သော Common and Shared Digital Platform များကို အစိုးရတစ်ရပ်လုံးအတွက် စံစနစ်တစ်ခုတည်းဖြင့် တစ်ပြေးညီ အသုံးပြုသွားရန်ဖြစ်ကြောင်း၊ EDMS စနစ်ကို အသုံးပြုခြင်းဖြင့် Paperless စနစ်သို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး လက်ရှိ EDMS စနစ် ကို နည်းပညာနှင့် လုံခြုံရေးအစီအမံများ အဆင့် မြှင့်တင်ခဲ့ပြီးဖြစ်သဖြင့် အစိုးရဌာနများအားလုံး တစ်ပြေးညီအသုံးပြုသွားနိုင်ရေး ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် တက်ရောက်လာကြသော e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာဌာန အလိုက်ဆောင်ရွက်နေသော e-Government လုပ်ငန်း များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စည်သာကျေးရွာအုပ်စု စည်သာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စည်သာ ကျေးရွာရှိ ဆီထွက်သီးနှံစိုက်ပျိုး ရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၈ ဦး၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို ပထမ အကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည် ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

## ငလျင်ဘေး ဇာတ်တိုက် သရုပ်ပြ

**သရက် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ သရက် ခရိုင်မီးသတ်တပ်ဖွဲ့မှ ယနေ့ နံနက် ၉ နာရီခွဲတွင် ခရိုင်ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းကော်မတီ နှင့် ပူးပေါင်း၍ ငလျင်ဘေးဇာတ် တိုက်သရုပ်ပြခြင်းအား အစိုးရ စက်မှုလက်မှုသိပ္ပံ(GTC)သရက် တွင် ဆောင်ရွက်သည်။

ဆောင်ရွက်ရာသို့ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင် စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြော ကြားကာ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့် ကလေးအသင်းဝင်များ၊ အမျိုး ရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၊ တာဝန်ရှိဌာနဆိုင် ရာများပူးပေါင်းအဖွဲ့မှ ငလျင် သဏ္ဌာန်တူရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခဲ့ပြီး အင်အား ၁၅၀ ဦးခန့် တက် ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



☆ စာမျက်နှာ ၂၄ မှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာနသည် ဒေသမျိုးရင်းရှားပါးသစ်ပင်များနှင့် တိရစ္ဆာန်များ၏ မူရင်း ဒေသ တိုးပွားလာစေရန်၊ ဒေသခံများ၏ စိုက်ပျိုးရေးနှင့် သောက်သုံးရေ အတွက် သဘာဝရေထွက်များ ရေရှည်တည်တံ့စေရန်နှင့် ရေဝေရေလဲ ဒေသများအား ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ် တောကို သတ်မှတ်ခြင်းဖြစ်သည်။

နမ့်စန်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော တားမြစ်သစ်ပင်ဖြစ်သည့် ထင်းရှူးသစ်မျိုး များနှင့် သစ်နီ၊ သစ်ရာ၊ သစ်အယ်၊ ညံသစ်မျိုးများအား ထိန်းသိမ်း နိုင်မည်ဖြစ်ခြင်း၊ သံလွင်မြစ်အတွင်းစီးဝင်သော နမ့်တိန်ချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ တောဝက်၊ လင်းတ၊ တောကြောင်၊ ချေ၊ ဒေါင်း၊ ရေကြက်၊ သာလိကာ၊ ကြက်တူရွေး စသည့်တိရစ္ဆာန်များ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ကောင်းမွန်မှုတလာနိုင်ခြင်း နှင့် သဘာဝရေထွက်စိမ့်စမ်းများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ် "Startup Ignite Program 2026" ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်(MYANWEN)တို့ ပူးပေါင်း၍ MSME လုပ်ငန်းရှင်များနှင့် အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ် "Startup Ignite Program 2026" ကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါအစီအစဉ်တွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME တစ်ခု အောင်မြင်လာပါက အလုပ်အကိုင်များ ဖန်တီးနိုင်မည်ဖြစ်ပြီး MSME များစွာအောင်မြင်လာပါက ဒေသစီးပွားရေး တိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ဒေသစီးပွားရေးများ တိုးတက်လာမှုနှင့်အတူ နိုင်ငံ့ထုတ်လုပ်မှု၊ ပို့ကုန်နှင့် နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးချိန်တွင် စမ်းသပ်မည့်အကြံဉာဏ်တစ်ခု၊ ရက်ပေါင်း ၃၀ လုပ်ငန်းအစီအစဉ်တစ်ခုဖြင့် စတင်ဆောင်ရွက်မည့် သတ္တိတစ်ခု ယူဆောင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌက အစပျိုးစီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးအစီအစဉ်-၂၀၂၆ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးမှု အစီအစဉ်များအဖြစ် တာဝန်ရှိသူများက စွန့်ဦးတီထွင်စိတ်ဓာတ်မွေးမြူခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် လုပ်ငန်းတိုးချဲ့ရန်အခွင့်အလမ်းများ၊ အစပျိုးလုပ်ငန်း စီမံခန့်ခွဲခြင်း၊ အောင်မြင်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အတွေ့အကြုံမျှဝေခြင်း ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးမှုအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါအစီအစဉ်သို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များကွန်ရက်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာဆရာမများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်စွန့်ဦးတီထွင်သူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယ-မြန်မာ လေတပ်နှစ်ရပ်အကြား အရာရှိကြီးများအဆင့် အလုပ်သဘောခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး (Functional Level Visit) ခရီးစဉ်လာရောက်

နေပြည်တော် စက်တင်ဘာ ၁၁

အိန္ဒိယ-မြန်မာ လေတပ်နှစ်ရပ်အကြား အရာရှိကြီးများအဆင့် အလုပ်သဘောခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး (Functional Level Visit) လာရောက်သည့် အိန္ဒိယလေတပ်မှ အရှေ့ပိုင်းလေတပ်ဌာနချုပ်မှူး Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယစစ်သံမှူးနှင့်တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။



အဆိုပါ အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက်တွင် လေကြောင်း အတတ်သင်လေတပ်စခန်းဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ပြီး လေတပ်စခန်းဌာနချုပ်မှူးက ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၉ ရက်တွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂါရဝပြုတွေ့ဆုံပြီး နှစ်နိုင်ငံလေတပ် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက် လေ့လာခဲ့ကြပြီး Park Royal Hotel ၌ တပ်မတော်(လေ)မှ တာဝန်ရှိသူများက အလုပ်သဘောနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ခရီးစဉ်အတွင်း အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေး၊ ဇဗားရှားဂူဗိမာန်နှင့် အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် Air Marshal Inderpal Sing Walia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ စစ်သံမှူးနှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ကြီးမှူး၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက်တွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားကို အစီအစဉ်အတိုင်း စတင်ဖွင့်လှစ်ခဲ့ပြီးနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန၊ ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ခိုင်ရွှေဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၂-၉-၂၀၂၆ ညနေ ၆:၃၀ နာရီ | ရေးဆင်း - အလာဗက်စ် | ———— |
| ၁၂-၉-၂၀၂၆ ည ၈:၄၅ နာရီ | အိုဆာဆူနာ - အက်စ်ပန်ညို | အိုဆာဆူနာ ၁-၂ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၁-၀ အိုဆာဆူနာ |
| ၁၂-၉-၂၀၂၆ ည ၁၁:၀၀ နာရီ | ဘီလ်ဘာအို - အယ်လ်ချီ | ဘီလ်ဘာအို ၂-၁ အယ်လ်ချီ<br>အယ်လ်ချီ ၀-၀ ဘီလ်ဘာအို |
| ၁၃-၉-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | ရီးရဲလ်မက်ဒရစ်- ဗယ်လက်ကာနို | ရီးရဲလ်မက်ဒရစ် ၂-၁ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၀-၀ ရီးရဲလ်မက်ဒရစ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ် ရလဒ် |
|---|---|---|
| ၁၂-၉-၂၀၂၆ ည ၀၈:၃၀ နာရီ | ဘုန်းမောက် - ဘရန့်ဖို့ဒ် | ဘုန်းမောက် ၀-၀ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၄-၁ ဘုန်းမောက် |
| ။ | အက်စတွန်ဗီလာ- နော်တင်ဟမ် | အက်စတွန်ဗီလာ ၄-၀ နော်တင်ဟမ်<br>နော်တင်ဟမ် ၁-၀ အက်စတွန်ဗီလာ |
| ။ | ချဲလ်ဆီး - ဟားလ်စီးတီး | ချဲလ်ဆီး ၂-၀ ဟားလ်စီးတီး<br>ဟားလ်စီးတီး ၀-၂ ချဲလ်ဆီး |
| ။ | ပဲလေ့စ် - အစ်ဆွစ်ချ် | ပဲလေ့စ် ၁-၀ အစ်ဆွစ်ချ်<br>အစ်ဆွစ်ချ် ၀-၁ ပဲလေ့စ် |



# ပြည်သူ့စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

အများပြည်သူနှင့်အစိုးရ၏ တာဝန်ရှိသူများအကြား ဆွေးနွေး တိုင်ပင်ရမည့်အကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်စေရန်၊ မိမိတို့၏ ရပ်ကွက်ဒေသများတွင် ဖြစ်ပေါ်နေသောအကြောင်းအရာ များကို ဆွေးနွေးမှုများရှိလာစေ ရန်နှင့် မိဘပြည်သူများအနေဖြင့် စဉ်းစားတွေးခေါ်မှုများမြင့်မားလာ ပြီး ဆွေးနွေးပွဲများတွင် ကိုယ်တိုင် ကိုယ်ကျဆွေးနွေးလာနိုင်စေရန် ရည်ရွယ်၍ "ဒေသဖွံ့ဖြိုးတိုးတက် ရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကား ဝိုင်း (Public Talk) ဆွေးနွေးပွဲ ကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြ သာစည်မြို့နယ်၊ တမ္ပဝတီရပ် ကွက်ရှိ မုခ်ဦးတန်းမွှာရုံ၌ ကျင်းပ ရာ ချမ်းမြသာစည်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကို ကိုဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူ များနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးကဒေသ ဖွံ့ဖြိုး တိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ၏ ရည်ရွယ်ချက်များကို ရှင်း လင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကား ဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ချမ်းမြသာစည်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်က ဦးဆောင်ဆွေးနွေးပြီး မြို့နယ်စီမံ ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များက မိမိတို့ဌာနအလိုက် လုပ် ငန်းကဏ္ဍ ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက် လာသည့်ပြည်သူများက မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ မေးမြန်းဆွေးနွေး တင်ပြကြရာ သက်ဆိုင်ရာကဏ္ဍ အလိုက် တာဝန်ရှိသူများက ပြန် လည်ဖြေကြားဆွေးနွေးပေးခဲ့ ကြောင်း သိရသည်။

**အလင်းသစ်**

**(ချမ်း-စည် ပြန်/ဆက်)**

၀-၀-၀-၀-၀



# မက္ခရာစည်းခံစေတီတော်ကြီး ပြင်ဆင်နိုင်ရန်လှူဒါန်း

**စဉ့်ကိုင် စက်တင်ဘာ ၁၁**

စဉ့်ကိုင်မြို့နယ်၊ ရှေးဟောင်း မက္ခရာဒေသမှ မက္ခရာစည်းခံ စေတီတော်ကြီး မန္တလေး ငလျင် ကြီးကြောင့် တတိယပစ္စယံ ရှစ် မြှောင်ပစ္စယံ၊ ကြေးဝန်း၊ ကြာ ဝန်းများ ပွင့်ထွက်၊ အက်ကွဲပျက်စီး ခဲ့သဖြင့် ပြင်ဆင်ရေးလုပ်ငန်းများ စတင်လုပ် ဆောင်နေသည်။

ငလျင်ဒဏ်ထိ မက္ခရာ ရွှေ ရောင်တော်ဘုရားကြီး ဘက်စုံ ပြုပြင်ရေးအတွက် စဉ့်ကိုင်မြို့ နယ် မက္ခရာရွာနေ ဦးဝင်းနိုင်ဦး+ ဒေါ်ခင်စန်းဝင်း၊ (သား) ကိုကျော် စွာထွန်း၊ မရွှေရည်ဝင်း၊ ကိုမြတ် သူထွန်း၊ မဝင့်သီရိဖြိုး၊ (မြေး) မောင်ဇွဲထက်နိုင်၊ မဖူးဧကရီကျော်၊ မခြူးအမရာကို မိသားစုက အလှူ ငွေကျပ် သိန်းငါးဆယ် လှူဒါန်းခဲ့ သည်။

ကုသိုလ်ပါဝင်လိုပါက အရှင် ပဏ္ဍိတ ဩဝါဒါစရိယဆရာတော် ဖုန်း ၀၉-၂၀၁၂၁၂၂၊ အရှင်သဒ္ဓန ရွှေရောင်တော်ဆရာတော် ဖုန်း ၀၉-၇၉၇၆၀၆၁၆၆၊ ဦးကျော်ထွန်း အင်ဂျင်နီယာ ဖုန်း ၀၉-၄၄၄ ၀၁၈၆၄၅တို့ထံ ဆက်သွယ်လှူ ဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

# အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသိပညာဗဟုသုတများ ကြွယ်ဝ စေရေးတို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂၇)အခြေခံပညာအထက် တန်းကျောင်းခွဲတို့ ပူးပေါင်း ကျင်းပသော စာဖတ်ရှိန်မြှင့်တင် ရေး လူငယ်အသိပညာပေး ဟော ပြောပွဲကို အဆိုပါကျောင်း၌ စက် တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂၇)အခြေခံ ပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ် စုကြည်က အဖွင့်အမှာစကား ပြောကြားပြီး ချမ်းအေးသာစံ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်အသိ ပညာပေးဟောပြောပွဲ ကျင်းပရ ခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ထို့နောက် ချမ်းအေးသာစံမြို့နယ် မြို့နယ် စာရေးဆရာအသင်းဝင် စာရေး ဆရာကြီး ရွှေနေမောင်မောင်ညို က "လူငယ်နှင့်ဥပဒေ" အကြောင်း အရာအားလည်းကောင်း၊ စာရေး ဆရာကြီး ဟာမိုနီက "ပညာ့ဂုဏ် ရည်ဟာမိုနီ" အကြောင်းအရာ များအား ကျောင်းသား၊ ကျောင်း သူများ သိရှိမှတ်သားလိုက်နာကြ စေရန် ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက အမှတ် တရလက်ဆောင်များ ပေးအပ်



ခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့် တင်ရေး လူငယ်အသိပညာပေး ဟောပြောပွဲသို့ ချမ်းအေးသာစံ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာကြီး ရွှေနေမောင် မောင်ညို၊စာရေးဆရာကြီး ဟာမိုနီ၊ အမှတ်(၂၇)အခြေခံပညာအထက် တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာ မကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**(အပေါ်ပုံ)**

**(ချမ်းမြေ့မောင်)**

# တောင်ဘကျေးရွာ၌ (RBF)စီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘကျေးရွာအုပ်စု၊ တောင်ဘ ကျေးရွာ၌ ကျေးလက်စီးပွားမြင့် မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီ ဦးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေထုတ်ချေး ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့် များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူး ဦးညီညီဦးက စီမံကိန်း ရန်ပုံငွေများကို ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့များထံ လွှဲပြောင်းပေး အပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များနှင့်အတူ တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန် ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံ ကိန်း(RBF)ရန်ပုံငွေဖြင့် အသား တိုးဝက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရှင်အဖွဲ့ လေးဖွဲ့အတွက် နဝမ အကြိမ် စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၆၆ သန်းအား တာဝန်ရှိ သူများထံ ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**





# မန္တလေးမြို့တွင်း အထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးမြို့အတွင်း သန့်ရှင်း သာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီက မြို့နယ်အသီးသီး တွင် အပတ်စဉ် အထူးသန့်ရှင်း ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။ **(အပေါ်ပုံ)**

ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာဝန်းကျင်တွင် မြောင်းအတွင်းရှိ အမှိုက်နှင့် အနည်အနှစ်များ ဆယ်ယူရှင်း လင်းခြင်း၊ ရေစီးရေလာကောင်း မွန်စေရန် မြောင်းများ ပြုပြင် ရှင်း လင်းခြင်း မြင်ကွင်းကွယ်နေသော သစ်ပင်၊ သစ်ကိုင်းများအား ဖြတ် တောက်ရှင်းလင်းခြင်းများကို လည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် မြို့တွင်းပတ်ဝန်းကျင်သန့်ရှင်း သာယာလှပစေရန်နှင့် မိုးရာသီ တွင် ရေကြီးရေလျှံမှုများ လျော့ နည်းစေရန်အတွက် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ပြီး မြို့နယ် အသီးသီးတွင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စေယျ(မန္တလေးနေ့စဉ်)**

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အမှတ်(၃၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေး လှူဒါန်းပွဲကို စက်တင်ဘာလ ၁၀ ရက် နံနက် ၁၀ နာရီက ပေါက် ချောင်းရပ်ကွက်ရှိ ခုတင်(၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူ ဘဏ်တွင် ကျင်းပခဲ့သည်။

စုပေါင်းသွေးလှူဒါန်းပွဲကို အမှတ်(၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ မှ ရဲမှူးမျိုးအောင်၏ ဦးဆောင်မှု ဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များက ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ် တွင် သွေးလှူဒါန်းခဲ့ရာ ဆေးရုံအုပ် ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် တာဝန်ရှိသူများက ခုတင်(၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူ ဘဏ်တွင် သွေးလှူဒါန်းခဲ့သည့် အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ အား ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား မုန့်နှင့်အား ဖြည့်အချိုရည်တို့ကို ပေးအပ် လှူဒါန်းခဲ့သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်း ပွဲတွင်အမှတ်(၃၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၂ ဦး နှင့် ၎င်းတို့၏ မိသားစုဝင် ၁၅ ဦး တို့က ခုတင်(၂၀၀)ဆံ့ ပြည်သူ့ ဆေးရုံကြီး သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(၄၆၉)**

# မွေးနေ့အထိမ်းအမှတ် အာဟာရကျွေးမွေး လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရဲဘော်ကွက်သစ်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုပြည်လုံးချမ်းသာ တိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်ရှိ လူမျိုးစုံတိုင်းရင်းသားမိဘမဲ့ကလေးငယ်များအား အလှူရှင် ကျောက်ဆည်မြို့နေ မယွန်းမီမီအောင်(၂၁)နှစ်ပြည့် မွေးနေ့နှင့်ယွန်းကိုကိုအောင် မောင်နှမနှစ်ဦး(ခေတ္တလာအိုနိုင်ငံ)တို့၏ မွေးနေ့အထိမ်းအမှတ် အလှူဒါနအဖြစ် ယမန်နေ့က နေ့လယ်စာအာဟာရ ထမင်းဟင်းများဖြင့် ကျွေးမွေးလှူဒါန်းရာ ကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇဘွဲ့ခံ သုမင်္ဂလ(မြောစရိယB.A)ဆရာတော်က လှူဒါန်းမှုအတွက် ရေစက်ချတရား ဟောကြားချီးမြှင့်ကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ် စုစုပေါင်း ၂၀၀ ကျော်အတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်အခြားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များလိုအပ်လျက်ရှိရာ လှူဒါန်းလိုပါက ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၁)**



# 'ဟွာကျုံး' ကျောင်းသားဟောင်းများ လူမှုကူညီရေးအသင်းက စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့မှဦးစီး၍ မန္တလေးမြို့ ဟွာကျုံး ကျောင်းသားဟောင်းများ လူမှုကူညီရေးအသင်းက (၁၃)ကြိမ်မြောက် သတ္တမပတ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူရာတွင် မစိုးရိမ်တိုက်သစ်မှ သံဃာတော်အပါး ၁၆၀၊ မန္တလေးတောင်ခြေရှိ မျိုးချစ်ကျောင်းမှ သံဃာတော်အပါး ၄၀ စုစုပေါင်းသံဃာတော်အပါး ၂၀၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ ဟွာကျုံးကျောင်းသားဟောင်းများ လူမှုကူညီရေးအသင်းက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**



# လကုန်ပိုင်းတွင် ခရမ်းချဉ်သီးဈေးနှုန်း ပြန်လည်တည်ငြိမ်လာနိုင်

**မန္တလေး စက်တင်ဘာ ၁၁**



မန္တလေးဈေးကွက်အတွင်း နယ်ပယ်ပေါင်းစုံမှ ခရမ်းချဉ်သီးများ ဝင်ရောက်မှုများပြားလာနေခြင်းနှင့် အထွက်များပြားနေခြင်းတို့ကြောင့် လက်ရှိဈေးနှုန်းများ ကျဆင်းနေသော်လည်း နောက်ထပ် ရက် ၂၀ ခန့်အကြာတွင် အသီးအထွက် လျော့နည်းလာနိုင်သဖြင့် လကုန်ပိုင်းတွင် ခရမ်းချဉ်သီးဈေးနှုန်းများ ပြန်လည်တည်ငြိမ်လာနိုင်ကြောင်း အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်ထံမှ သိရသည်။

လက်ရှိတွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀-၁၃၀၀-၁၅၀၀ ဝန်းကျင်အထိသာ ရရှိနေပြီး ယင်းထက်ဈေးချ၍ ရောင်းချနေရသည့် အခြေအနေများလည်းရှိကြောင်း၊ ယခုကဲ့သို့ ဈေးနှုန်း ကျဆင်းနေမှုမှာ တစ်လကျော်ခန့် ကြာမြင့်နေပြီဖြစ်သည်။

ခရမ်းချဉ်သီးများ အထွက်များပြားခြင်းမှာ မိုးများခြင်းကြောင့် အသီးများ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာခြင်းအပြင် နောင်ချိုဒေသအပါအဝင် နယ်ပယ်ပေါင်းစုံမှ ခရမ်းချဉ်သီးများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်မှုများပြားလာနေခြင်းကြောင့်လည်း ဖြစ်ကြောင်း သိရသည်။ အဝယ်မှာ ပုံမှန်ရှိနေသော်လည်း အထွက်များပြားမှုကြောင့် ဈေးနှုန်းကျဆင်းနေခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ခရမ်းချဉ်သီး တစ်ပိဿာလျှင် ထည့်ခ၊ ကာဗွန်နှင့် သယ်ယူပို့ဆောင်ခများအပါအဝင် စရိတ်များ မြင့်မားနေသဖြင့် လက်ရှိရောင်းဈေးနှုန်းမှာ တောင်သူများအတွက် တွက်ခြေမကိုက် ဖြစ်နေကြောင်း၊ ကုန်ကျစရိတ်ပင်ပြန်မရသည့်အပြင် ဈေးနှုန်းအလွန်ကျဆင်းသည့်အချိန်တွင် အသီးများ လွှင့်ပစ်ရသည့်အခြေအနေများလည်း ရှိသည်။

လက်ရှိအထွက်များပြားနေသည့် ခရမ်းချဉ်သီးများ အချိန်ကာလတစ်ခုအတွင်း ကုန်ဆုံးလာပြီး အသီးထွက်ရှိမှု လျော့နည်းလာပါက ဈေးကွက်အတွင်းရောင်းလိုအား လျော့ကျလာနိုင်သဖြင့် လကုန်ပိုင်းတွင် ခရမ်းချဉ်သီးဈေးနှုန်းများ ပြန်လည်တည်ငြိမ်လာနိုင်ကြောင်း ဦးအောင်မိုးနိုင်က ပြောကြားသည်။

**(မန္တလေးနေ့စဉ်-၈)**

# ဖီးကြမ်းငှက်ပျော ဈေးကောင်းရရှိသဖြင့် စီးပွားဖြစ်စိုက်ပျိုးလာ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ဖီးကြမ်းငှက်ပျောများ ဈေးကောင်းရရှိပြီး တွက်ခြေကိုက်သဖြင့် တောင်သူများက တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာကြသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်၊ စဉ့်ကိုင်နှင့် မြစ်သားမြို့နယ်တို့၌ ငှက်ပျောစိုက်ဧက စုစုပေါင်း ၄၀၅၈ ဧကရှိသည်။

ကျောက်ဆည်ဒေသတွင် ဖီးကြမ်းငှက်ပျောမျိုးကို အဓိကစိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင် ၈၀၀ ခန့် စိုက်ပျိုးရကာ စိုက်ပျိုးပြီး ကိုးလမှ ၁၀ လခန့်အကြာတွင် ငှက်ပျောဖူးများ စတင်ထွက်ရှိကြောင်း တစ်ဧကစိုက်ပျိုးမှုကုန်ကျစရိတ်မှာ ကျပ်သိန်း ၂၀ ဝန်းကျင်ခန့် ရှိသည်။


လက်ရှိတွင် ငှက်ပျောခိုင် ၄၀ ပါ လှည်းတစ်စီးလျှင် ကျပ် ၄၀၀ ၀၀၀ ဝန်းကျင်၊ ဖီးကြမ်းငှက်ပျော တစ်ဖီးလျှင် လက်ရင်း ငွေကျပ် ၂၅၀၀၊ လက်ဖျားကျပ် ၂၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး တစ်ဧကလျှင် ငွေသိန်း ၆၀ ဝန်းကျင် အကျိုးအမြတ်ရရှိသည်။

ကျောက်ဆည်မြို့နယ်ရှိ ငှက်ပျောပွဲစားများက ငှက်ပျောခြံများအထိ လာရောက်ဝယ်ယူကြပြီး ရန်ကုန်၊ မန္တလေးနှင့် ပဲခူးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ရွှေသိမ်တော်ဘုရားရှိ ကန်တော့ပွဲရောင်းချသည့် ဆိုင်များသို့လည်း ဖြန့်ဖြူးရောင်းချလျက်ရှိသဖြင့် ရောင်းအားကောင်းမွန်လျက်ရှိသည်။

ဖီးကြမ်းငှက်ပျောသည် ဈေးကောင်းရရှိပြီး အကျိုးအမြတ်ကောင်းမွန်သည့်အပြင် ငှက်ပျောခိုင်၊ ငှက်ပျောရွက်နှင့် အပင်ပေါက်များပါ ရောင်းချနိုင်သဖြင့် အပင်တစ်ပင်လုံး အသုံးဝင်ကြောင်း၊ ထို့ကြောင့် ကျောက်ဆည်ဒေသရှိ တောင်သူများအနေဖြင့် ဖီးကြမ်းငှက်ပျောကို စီးပွားဖြစ် ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



# ငါးလအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန် ၈၄၈,၂၇၈ တန် တင်ပို့၊ ဒေါ်လာ ၂၉၁ သန်း ရရှိ

**မန္တလေး စက်တင်ဘာ ၁၁**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအထိ ငါးလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ စုစုပေါင်း တန်ချိန် ၈၄၈,၂၇၈ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၉၁ သန်း ရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏ အချက်အလက်အရ သိရသည်။




ယခုဘဏ္ဍာနှစ် ငါးလအတွင်း ဆန်တင်ပို့မှုများမှာ ဧပြီလတန်ချိန် ၁၆၉,၅၅၉၊ ဝင်ငွေ ဒေါ်လာ ၅၁ သန်း၊ မေလတန်ချိန် ၁၃၆,၂၆၂၊ ဝင်ငွေ ဒေါ်လာ ၄၂ သန်း၊ ဇွန်လတန်ချိန် ၂၂၃,၇၁၄၊ ဝင်ငွေ ဒေါ်လာ ၇၅ သန်း၊ ဇူလိုင်လတန်ချိန် ၁၇၀,၁၉၅၊ ဝင်ငွေ ဒေါ်လာ ၆၄ သန်း၊ ဩဂုတ်တန်ချိန် ၁၄၈,၅၄၈၊ ဝင်ငွေ ဒေါ်လာ ၅၉ သန်း ဖြစ်သည်။

ငါးလအတွင်း ဇွန်လတွင် တင်ပို့မှုပမာဏ အများဆုံးဖြစ်ပြီး တန်ချိန် ၂၂၃,၇၁၄ တန် တင်ပို့ခဲ့ကာ ဝင်ငွေ ဒေါ်လာ ၇၅ သန်း ရရှိခဲ့သည်။

ယခင် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၀၃ သန်းကျော်တင်ပို့ခဲ့သဖြင့် ယခုနှစ်ငါးလတာ တင်ပို့မှုပမာဏမှာ ယခင်နှစ်အလားတူကာလထက် လျော့နည်းနေသည်။ **(ဝဲပုံ)**

မြန်မာ့ဆန်နှင့်ဆန်ကွဲများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့်နိုင်ငံနှင့်ဒေသပေါင်း ၃၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း Myanmar Rice Federation (MRF) က ထုတ်ပြန်ထားသည်။ **(မန္တလေးနေ့စဉ်-၆)**

## ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# အင်္ဂဝိဇ္ဇာနည်းဖြင့် တည်ထားသော ယတြာဘုရားနှစ်ဆူ

နွေအကုန်မိုးအစ ရာသီဥတုက မပူမအေး ဆိုတော့ နေလို့ကောင်းတုန်း၊ အိမ်ရှေ့ဧည့်ခန်း မှာထိုင်ရင်း မန္တလေးသတင်းစာဖတ်နေခိုက် ရုတ်တရက် ဖုန်းသံကမြည်လာလို့ကြည့်လိုက်တဲ့ အခါ စာပေမိတ်ဆွေကြီးဖြစ်တဲ့ ဆရာနန္ဒ လောကမင်း ဖြစ်နေတာကို တွေ့လိုက်ရတယ်။

ဟုတ်ကဲ့ ဆရာ လောကမင်းရေ‥ အမိန့်ရှိ ပါခင်ဗျာ၊ ဗျို့…ဆရာစိမ်းလန်း အားလား ဗျ၊ မတွေ့တာလည်းကြာပြီဆိုတော့ လက်ဖက် ရည်လေးသောက်ရင်း စကားစမြည်ပြောကြရ အောင် သန်းကြွယ်လက်ဖက်ရည်ဆိုင် လာခဲ့ပါ လားဗျ။

ကျွန်တော်လည်း ဆရာ လောကမင်း ချိန်း တဲ့ ၆၃ လမ်းနဲ့ ၁၀၁ လမ်းထောင့်က သန်းကြွယ် လက်ဖက်ရည်ဆိုင်ကို စီးတော်ယာဉ် ဆိုင်ကယ် လေးနဲ့ ထွက်လာခဲ့ရတာပေါ့။ လမ်းတစ်လျှောက် စိုးကြောက်ပါရဲ့ဗျာ။ ရှင်းလို့လင်းလို့၊ သူ့ရက်နဲ့ သူထွက်ရတာဆိုတော့ အရင်လောက် လမ်း မကျပ်ဘူးပေါ့။ ကောင်းလေစွ။ လက်ဖက်ရည် ဆိုင်ထဲဝင်လိုက်တယ်ဆိုရင်ပဲ

ဆရာ လောကမင်းက…

လာဗျို့ … ဆရာစိမ်းလန်း ဘာသောက် မလဲ။ အေးဗျာ ပုံမှန်လေးတစ်ခွက်လောက်၊ ဒါနဲ့ ဆရာလောကမင်း ဘာအရေးအကြောင်းရှိလို့လဲ ဗျ။ဘာမှထွေထွေထူးထူး မဟုတ်ပါဘူး။ စကား လေး ဘာလေးပြောကြရအောင်လို့ ခေါ်လိုက် တာပါ မတွေ့ရတာလည်းကြာပြီလေ။

ဟုတ်ပါ့ ဆရာ လောကမင်းရေ… ကျွန်တော်လည်း အပြင်သိပ်မထွက်ဖြစ်ဘူးဗျ။ အမျိုးသမီးနားကပ်ရသေးတယ် ဟဲ…ဟဲ…ဟဲ

ကျွန်တော်တို့ စာပေမိတ်ဆွေနှစ်ဦးလည်း စာအကြောင်း၊ ပေအကြောင်းနဲ့ ရောက်တတ် ရာရာတွေကို လက်ဖက်ရည်သောက်ရင်း ထွေရာ လေးပါးပြောဆိုနေကြတာပေါ့။

ဒါနဲ့ စကားမစပ်‥ဆရာလောကမင်းရေ ကျွန်တော့်ကို တစ်ခုလောက်ကူညီဗျာ၊ မိတ်ဆွေ တစ်ယောက် မကျန်းမမာဖြစ်နေတာကြာပြီဗျ။ တရှောင်ရှောင်နဲ့ပေါ့၊ သက်သာသလိုနဲ့ ပြန် ဖောက်သွားလိုက်နဲ့ လုံးချာရိုက်နေတာပါပဲဗျာ။ ခင်ဗျားက ဟိုစပ်စပ် ဒီစပ်စပ်လေးတွေသိတော့ ခင်ဗျားကို အကူအညီတောင်းရတာဗျ။

ဟာဗျာ… အဲ့ဒါ ဆရာဝန်ဆီသွား ရမှာလေ ကျွန်တော်က ဆရာဝန်မှ မဟုတ်တာ၊ ဆရာ အကူအညီတောင်းတာ မှားနေပြီထင်တယ်။ သိပါတယ်ဗျာ၊ ကျွန်တော့်မိတ်ဆွေရဲ့ အိမ်က လည်း အထူးကုသမားတော်တွေနဲ့ ပြပေးနေ တာပါ။တိုးတက်လာတယ် မရှိဘူး။ အဲ့ဒါကြောင့် ခင်ဗျားဆီက အကြံဉာဏ်လေး၊ ဘာလေးရလို့ ရငြား အကူအညီတောင်းရတာပါ။

အေးပါဗျာ… ကျန်းမာရေးကိစ္စဆိုတော့ လည်း ဓိဝိတဒါန ကူညီရတာပေါ့။ အဲ့ဒီလို လုပ်ပါ ဆရာလောကမင်းရယ်။ ဒါနဲ့ သူတို့က ဘယ် ဘာသာကိုးကွယ်ကြတာလဲ၊ ဗုဒ္ဓဘာသာဝင်တွေ တော့ ဟုတ်ပါတယ်နော်။ ဟုတ်ပါတယ် ဆရာ လောကမင်း၊ ဗုဒ္ဓဘာသာဝင်တွေပါဗျာ။ ရတနာ သုံးပါးကို အသက်ထက်ကိုးကွယ်ယုံကြည်ကြသူ တွေပေါ့။

ကောင်းပါလေ့ဗျာ… ဒါဆို ခုကျွန်တော် ပြောမယ့် အကြောင်းအရာလေးကို လုပ်ကြည့်နိုင်း ဗျာ။ ယုံကြည်ဖို့တော့လိုတယ်နော်။ ငွေကုန်ကြေး ကျလည်း မများပါဘူးဗျာ။ ဟုတ်ကဲ့ပါ ကျွန်တော် ပြန်ပြောပြလိုက်ပါ့မယ်။ ဆရာ့ရဲ့ နည်းလေးကို ပြောပါ။ ကျွန်တော်မပြောခင်ဆရာ့ကို တစ်ခုမေး ရဦးမယ်။ မေးပါဆရာ လောကမင်း။ ခင်ဗျား သက်တော်ရ၊ သက်တော်ရှည်ဘုရားဆိုတာ ကြားဖူး လားဗျ။ ဟုတ်‥ဆရာကျွန်တော် ကြားဖူးပါတယ်။ ဒါပေမဲ့ မရောက်ဖူးဘူးဗျ။ ဘယ်နားမှာရှိတယ် ဆိုတာရော ဆရာစိမ်းလန်းသိလား။

အေးဗျာ… ခင်ဗျား ပြောမှပဲ ဘယ်နေရာ ဆိုတာ ကျွန်တော်စဉ်းစားရခက်နေတယ်ဗျ။ သိတာက သိတယ်၊ ချက်ချင်းဆိုတော့ ပြောမထွက် ဘူး။

ကဲ‥ဒါဆို ကျွန်တော်ပြောပြမယ်၊ အင်းအိုင် ဝိုက်လည်၊ ဘိုးတော်တည်၊ ရွှေပြည်အမရ၊ သာ မောစွတဲ့ဗျ၊ အမရပူရမြို့နယ်ထဲမှာ ရှိတယ်လေ။

ဟာ… ဟုတ်ပြီ ဆရာ လောကမင်းရေ ခုမှပဲ မျက်စိထဲ ကွင်းခနဲ မြင်လာတော့တယ်။ စစ်ကိုင်း- မန္တလေးသွားကားလမ်းရဲ့ အနောက် ဘက်မှာ ရှိတယ်လေ။ ဟုတ်ပါ့ဗျာ။ ဆက်ပြော ပါဦး ဆရာ။ ဒါနဲ့ ခင်ဗျားမိတ်ဆွေက သွားနိုင်၊ လာနိုင်၊ ထနိုင်ရဲ့လား။ လူတွဲနဲ့တော့ လျှောက်ရ တာပေါ့ ဆရာရယ်။ ဒါဆိုအဆင်ပြေပြီဗျို့…

ဆရာ့မိတ်ဆွေကို အဲ့ဒီဘုရားကို လိုက်ပို့ လိုက်ဗျာ။ သူ့မွေးနေ့ နံနက်ပိုင်း သွားနိုင်ရင် ပို ကောင်းတယ်ဗျ။ ဟုတ်ကဲ့ပါဆရာ။ နေဦးဗျ‥ ခု ကျွန်တော်ပြောမယ့်အရာက အရေးကြီးတယ်၊ ဘုရားကိုသွားတဲ့အခါ ကန်တော့ပွဲတစ်ပွဲရယ်၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်၊ သောက်တော်ရေတွေကို တစ်ခါတည်း ပြင်ဆင်ပြီးယူသွားဗျာ။ ဘုရားကို ရောက်တဲ့အခါ အရှေ့ဘက်က ဘုရားကို အရင် မဖူးနဲ့ဦး၊ အနောက်ဘက်က ဘုရားကို အရင်ဖူးပြီး မှ အရှေ့ဘက်က ဘုရားကိုဖူး၊ ဒါက အရေးကြီး ဆုံးပဲဗျ။ ဘာဖြစ်လို့လည်း ဆရာ။ ဒီလိုဗျ အနောက်ဘက်က ဘုရားရုပ်ပွားတော်က သက် တော်ပြန်ရလို့ သက်တော်ရဘုရား၊ အရှေ့ဘက်က ဘုရားကတော့ သက်တော်ပြန်ရပြီး သက်တော်ရှည် အောင် ကိုးကွယ်တဲ့ဘုရားမို့ သက်တော်ရှည် ဘုရား၊ အဲ့ဒါကြောင့် သက်တော်ပြန်ရတဲ့ဘုရားကို အရင်ဖူးနိုင်းရတာပေါ့ဗျာ။ အသက်ဘေးကနေ ကင်းအောင်ပေါ့။

အော်…သိပါဘူး ဆရာရယ်…

ခုဆရာပြောပြမှ သိရတာ။ ကျေးဇူးပါ ဆရာ ရယ်၊ ကျွန်တော့မိတ်ဆွေရဲ့ မိသားစုတွေကို ပြန်ပြောပြပြီး ဆရာခိုင်းတဲ့အတိုင်း လုပ်ခိုင်းလိုက် ပါ့မယ်။ ဖြစ်နိုင်ရင် ဒီတစ်ပတ်ထဲသွားနိုင်အောင် စီစဉ်ပေးလိုက်မယ်။ အေးဗျာ…ကျန်းမာရေး အတွက်ဆိုတော့ မြန်လေကောင်းလေပဲဗျ၊ ဆရာ စိမ်းလန်းကိုယ်တိုင် လိုက်သွားနိုင်ရင် ပိုကောင်း တယ်၊ အမှားမပါတော့ဘူးလေ၊ သက်တော်ရ သက်တော်ရှည်ဘုရားက ပြန်လာပြီးရင် ဆရာ့ သူငယ်ချင်းအရင်လို ကျန်းကျန်းမာမာပြန်ဖြစ် လာလိမ့်မယ်ဆိုတာ ယုံလိုက်ဗျို့။

ဟုတ်ကဲ့ပါ ဆရာလောကမင်း။

ယုံကြည်ပါတယ်ဗျာ၊ ကျွန်တော်ကိုယ်တိုင် လည်း လိုက်သွားမှာပါ။ ဆရာခိုင်းတဲ့အတိုင်း လည်း တိတိကျကျ ဆောင်ရွက်မှာပါ။ အော်‥ဒါနဲ့ ဆရာရေ အဲ့ဒီဘုရားသမိုင်းကြောင်းလေးများ သိရင် ကျွန်တော့်ကို အကြမ်းဖျင်းလေး ပြောပြ ပါလား။

ဟုတ်ကဲ့ပါ‥ ဆရာစိမ်းလန်း။

ကျွန်တော်သိသလောက် မှတ်သားထား သလောက်ပြောပြပါ့မယ်၊ ဒီလိုဗျ --။

ဒီဘုရားကို အင်္ဂဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာနည်းတွေနဲ့ တည်ထားတာဗျ၊ အလွန်တန်ခိုးကြီးတယ်။ ဘုရား ကို ၁၁၄၈ ခုနှစ်မှာ အမရပူရ ပထမမြို့တည်၊ နန်းတည်၊ ဗဒုံမင်း(ခေါ်)ဘိုးတော်မင်းက သူ့သမီး တော်လေး မကျန်းမာလို့ ယတြာဘုရားအဖြစ် တည်ခဲ့တာ ဘိုးတော်မင်းနဲ့ အလယ်နန်းမတော် မိဖုရားတို့က သက္ကရာဇ် ၁၁၂၃ ခုနှစ်မှာ ဖွားမြင် တဲ့ ဟသံတမင်းသမီးလေးဟာ သက်တော် ၂၅ နှစ်အရွယ်မှာ လွန်စွာမကျန်းမမာဖြစ်ခဲ့တယ်ဗျ။

အဲ့ဒီမှာ အင်္ဂဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ အရာမှာ လွန်စွာ တတ်ကျွမ်းနားလည်တဲ့ အယူတော်မင်္ဂလာအမတ် ကြီးက အမရပူရမြို့တော်ရဲ့ အနောက်တောင် ထောင့်အရပ်မှာ စေတီရုပ်ပွားတစ်ဆူတည်ထား ကိုးကွယ်ပါက သမီးတော်လေး အသက်ချမ်း သာရာ ရရှိနိုင်ကြောင်း ဘိုးတော်မင်းကြီးကို လျှောက်ထားခဲ့တာဗျ။

အဲ့ဒီမှာ ဘိုးတော်မင်းကြီးက ယခုနေရာ မှာ စေတီတော်တစ်ဆူတည်ပြီး အနောက်မုခ် ဂန္ဓကုဋိတိုက်ထဲမှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ရာ သမီးတော်လေးအသက် ချမ်းသာရာရရှိခဲ့တဲ့အတွက် သက်တော်ရဘုရား လို့ ဘွဲ့အမည်တွင်ခဲ့တာဗျ။

နောက်ပြီး သမီးတော်လေး အသက်ရှည် ရှည်နေနိုင်ဖို့ ရည်ရွယ်ပြီး အရှေ့မုခ် ဂန္ဓကုဋိ တိုက်မှာ ရုပ်ပွားတော်တစ်ဆူတည်ထားပြီး သက်တော်ရှည်ဘုရားလို ဘွဲ့တော်တပ်ကိုးကွယ် ခဲ့တာ။

ဟသံတမင်းသမီးလေးလည်း သက်တော် (၉၅)နှစ်အထိ သက်ရှည်ကျန်းမာစွာ နေထိုင်ခဲ့ရ တယ်။ ခမည်းတော်မင်းကြီးကလည်း သမီးတော် ကို "သီရိပဘာဒေဝီ" "သီရိရတနာပဘာဒေဝီ" "သီရိမဟာရတနာ ပဘာဒေဝီ" ဆိုပြီးဘွဲ့ သုံးခုနဲ့ ရာထူးဂုဏ်သိမ်စည်းစိမ် ဥစ္စာရတနာတွေနဲ့ ချီးမြှောက်ခဲ့တယ်လို့ သိရတယ် ဆရာစိမ်းလန်း ရေ။

ဟုတ်လား‥ ဆရာလောကမင်း။

ဆရာက အကုန်သိနေပါလားဗျ။ စာဖတ် ခြင်းရဲ့အကျိုးပေါ့ ဆရာစိမ်းလန်းရေ ဒါကြောင့် ဆရာ့မိတ်ဆွေကိုလည်း သက်တော်ရ၊ သက်တော် ရှည်ဘုရားကို သွားဖူးခိုင်းရတာပေါ့ဗျာ။ လောကီ လောကုတ္တရာအကျိုး နှစ်မျိုးလုံးနဲ့ ပြည့်စုံတဲ့ တန်ခိုးကြီးမားတဲ့ အင်္ဂဝိဇ္ဇာ ယတြာဘုရားပဲဗျ။

ကျေးဇူးပါပဲ ဆရာလောကမင်းရေ။

ဒီကအပြန် ကျွန်တော့်သူငယ်ချင်း အိမ်ဝင် ပြီး ဆရာပြောတဲ့အတိုင်း လုပ်ခိုင်းလိုက်မယ် ဗျာ၊ ကဲ…မိုးလေးအုံ့တုန်း သွားလိုက်ဦးမယ်။ ပြန်ကြစို့ဗျာ။

ဟုတ်ကဲ့ပါ ဆရာစိမ်းလန်းရေ…

ထူးခြားမှုရှိရင်လည်း ဖုန်းဆက်ပြောပါဦး။ ဘာပဲလုပ်လုပ် ယုံကြည်မှုသဒ္ဓါအားကောင်းရင် အကျိုးပေးမြန်တာပါပဲဗျာ။ ကျွန်တော်လည်း ဆရာ လောကမင်း လှမ်းပြောလိုက်တဲ့ အသံကို ကြားပေမယ့် စကားပြန်ပြီး မပြောနိုင်ဘဲ ခပ်သွက်သွက်ကလေး လက်ဖက်ရည်ဆိုင်ထဲ က ထွက်လာပါတယ်။ ကျွန်တော့်ရဲ့ အာရုံ ထဲမှာတော့ သက်တော်ရ၊ သက်တော်ရှည်ဘုရား ကို စိတ်ထဲက လှမ်းမျှော်ပူဇော်ကန်တော့ရင်း သူငယ်ချင်းဖြစ်သူရဲ့ ကျန်းမာရေးပြန်လည် ကောင်းမွန်လာစေဖို့အတွက် ဆုတောင်းနေမိပါ တော့တယ်။

မြင့်သန်း(စိမ်းလန်းမြေ)

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**မတ္တရာ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့ နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်း ရေးနေ့အထိမ်းအမှတ် ဆေးရောင် ခြယ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ များကို စက်တင်ဘာ ၁၀ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများ၌ မူလ တန်းအဆင့်ဆေးရောင်ခြယ်ပြိုင် ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၆ ဦး၊ အလယ် တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ တွင် ကျောင်းသားကျောင်းသူ ၄၁ ဦး၊ အထက်တန်းအဆင့် စာစီ စာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးတို့ ဝင်ရောက် ဖြေဆိုယှဉ်ပြိုင်ခဲ့ရာ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေး မှူး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီး ဌာနဦးစီးအရာရှိ၊ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာန ဦးစီးအရာရှိတို့မှ ကြည့်ရှု အားပေးခဲ့ကြောင်း သိရ သည်။

(အောက်ပုံ)(၄၆၂)



## 44 KW ဆိုလာတပ်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၁၁**

သမဝါယမနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦး ခရိုင်၊ ညောင်ဦးမြို့နယ် နတ် သမီးကမ်းပါးကျေးလက်မြစ် ရေတင် သောက်သုံးရေပေးဝေ ရေးလုပ်ငန်း တောင်ဇင်းရေပိုက် လိုင်းရှိ နပွလင်ရေစက်ရုံတွင် ကျေးရွာများသို့ ရေဖြန့်ဝေပေး ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေ စေရေးအတွက် 44 KW ဆိုလာ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို စက် တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေး ရာတွင် ညောင်ဦးခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့် ထွန်း၊ ညောင်ဦးမြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီ ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများ က Mega Globle Green အဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ ကြောင်း သိရသည်။

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ

## အောင်တံခွန်ဓမ္မာရုံ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်ရှိ အောင်တံခွန်ဓမ္မာရုံ၌ စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက 'ဒေသဖွံ့ဖြိုးတိုးတက်ရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) ပွဲ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက 'ဒေသဖွံ့ဖြိုးရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က ဆွေးနွေးခဲ့ကြပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နော်မြတ်မိုးဦး၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးထက်ရှားအောင်တို့က မိမိတို့ဌာနအလိုက် လုပ်ငန်းကဏ္ဍဆောင်ရွက်နေမှုများ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ပြည်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ဖြိုးခင်(ခရိုင်၊ ပြန်/ဆက်)**

* - * - * - * - * - *

## စာဖတ်ရှုနိုင်မြှင့်တင်ရေး လှူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၁**

လူငယ်ကဏ္ဍကို မြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မိုးကြိုးကွက်သစ် အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာစိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်လွှန်းနန်းထွေးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ဆုရည်ဖြိုးက မီးဘေးအန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်သူဇာဝင်းက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းနိုင်က စားသုံးသူကာကွယ်ရေးဥပဒေနှင့်ပတ်သက်၍လည်းကောင်း အသီးသီး ဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ ငါးဦးက သိရှိလိုသည်များအား မေးမြန်းခဲ့ရာ တာဝန်ရှိသူများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပြီး ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြင်ဦးလွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**သွေးသွေး(ခရိုင် ပြန်/ဆက်)**

၀-၀-၀-၀-၀-၀



## လှူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာချိုက ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ညောင်ဦးခရိုင် အမျိုးသမီးရေးရာ ဒုတိယဥက္ကဋ္ဌ ဒေါ်သီရိသွင်က ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရေး လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း ပြောကြားပြီး ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များအား ကြည့်ရှုခဲ့ကြပြီး ကလေးအလုပ်သမား ပပျောက်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(၄၈၁)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကောက်စိုက်ချိန်

* နံနက်နေခြည် အရှေ့ဆီဝယ်
ရောင်နီပျို့မောက် မိုးလည်းသောက်ပေါ့
ခမောက်ကိုယ်စီ လက်တွဲညီ၍
ထဘီတိုလျက် ပါး,ပါးကွက်နှင့်
ချီတက်လယ်ကွင်း ပျိုတစ်သင်း။

* ကန်စွန်းရိုးနီ ပုစွန်ဆီတွင်
အအီပြေစွက် ချဉ်ပေါင်ချက်လို့
နှစ်သက်ဖွယ်ရာ ငရုတ်ဝါနှင့်
လော်ကာစုပေါင်း ငါးပိထောင်းစို့
ဟင်းကောင်းမလို ပါးစပ်စိုပြီ
ပင်ကိုယ်စရိုက် ပျိုတစ်သိုက်တို့
နှစ်ခြိုက်အားရ ဗိုက်ဝမ်းဝအောင်
မထတမ်းပင် စားလို့ဝင်၏
လယ်ရှင်ထမင်း သည်နေ့ဟင်း။

* အတင်းလွှေးကြ လယ်သူမတွေ
ညနေ နေခြည် ဆည်းဆာမီအောင်
ရယ်ကြ မောကြ ကောက်စိုက်ကြနှင့်
ဘဝအမော သောကတောမှာ
တသောသောရယ် တို့တောနယ်တွင်
အိုကွယ် ... ရိုးသားဘိခြင်း သည်ရှုခင်း။ ။

**မိုးမြေခင်(စဥ့်ကူး)**






## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၉)၊ ဦးပိုင်အမှတ်(၄၁+၅၀)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးတင်ဦးလွင် အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အထက်ပါ ဂရန်မြေကွက်ထဲမှ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကို ဦးတင်ဦးလွင်ထံမှ ကျွန်ုပ်အမှုသည် ဦးမြင့်ထွေးက အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်လျက် ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား စာချုပ် ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးတင်ဦးလွင်နှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းဖြူအောင် (LL.M)**
**(စဥ်–၉၄၀၄) တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း – ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၀၈၁၁၀၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၉)၊ ဦးပိုင်အမှတ်(၄၁+၅၀)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးတင်ဦးလွင် အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အထက်ပါ ဂရန်မြေကွက်ထဲမှ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကို ဦးတင်ဦးလွင်ထံမှ ကျွန်ုပ်အမှုသည် ဒေါ်အေးနှင်းဖြူက အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်လျက် ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား စာချုပ် ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးတင်ဦးလွင်နှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းဖြူအောင် (LL.M)**
**(စဥ်–၉၄၀၄) တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း – ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၀၈၁၁၀၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၉)၊ ဦးပိုင်အမှတ်(၁၇+၂၀)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးကျော်မင်းဦး အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးကျော်မင်းဦး(၎င်း၏ အထူးကိုယ်စားလှယ် စာရရှိသူ ဒေါ်မြင့်မြင့်ထွေး)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဖြိုးဟိန်းထက်က အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား စာချုပ် ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးကျော်မင်းဦး (၎င်း၏ အထူးကိုယ်စားလှယ် စာရရှိသူ ဒေါ်မြင့်မြင့်ထွေး)နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းဖြူအောင် (LL.M) (စဥ်–၉၄၀၄) တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း – ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၀၈၁၁၀၂**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၀၁/ရေထွက်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅၆)၊ ဧရိယာ(၀ ဒသမ ၃၇၄)ဧကရှိ မြေနေရာအား ဦးကျော်ဝင်း အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၈၃/၂၀၂၁-၂၀၂၂)၊ ဂရန်စာချုပ်အမှတ်(၇၈/၂၀၂၂-၂၀၂၃)အရ (၁၈-၅-၂၀၂၂)ရက်မှ (၁၁-၆-၂၀၅၀)ရက်အထိ (မူလသက်တမ်းအတိုင်း) နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါ မြေဧရိယာ(၀ ဒသမ ၃၇၄)ဧကအနက် ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅၆/၁)၊ ဧရိယာ(၀ ဒသမ ၀၈၃)ဧကအား ဦးကျော်ဝင်း(၁၂/ဒဂန(နိုင်)၀၁၂၃၉၈)အမည်ဖြင့် ဦးပိုင်ခွဲစိတ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၁၁၁-က)၊ ဧရိယာ (၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော (၁)ဒေါ်အုန်းကြည်(ဘ)ဦးစန်းမြင့်(ခ)ဆန်းမြင့်(၉/မနမ(နိုင်)၀၄၆၂၉၂)၊ (၂)ဒေါ်စန်းစန်းသင်း(ဘ)ဦးစန်းမြင့်(ခ)ဆန်းမြင့်(၉/ခမစ(နိုင်)၀၃၁၈၅၉)၊ (၃)ဦးတင့်ဆွေ(ဘ)ဦးစန်းမြင့်(ခ)ဆန်းမြင့်(၉/ခမစ(နိုင်)၀၁၅၁၅၀)နှင့် (၄)ဦးစောလှိုင်(ဘ)ဦးစန်းမြင့်(ခ)ဆန်းမြင့်(၉/ခမစ(နိုင်)၀၁၅၁၄၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၆)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးအောင်ဆင့် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) [မြေပြင်တွင် ပေ(၁၄×၆၀)] အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းကျော်ဦး(ဘ)ဦးကံစိန်(၅/ငဇန(နိုင်)၀၆၈၉၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၁၆၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်သိန်းမိနှင့် ဦးကိုကြီး(ခ)ဦးကိုကိုကြီးတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးပိုင်ကိုဇော်(ဘ)ဦးမောင်မောင်အောင်(၉/ခအဇ(နိုင်)၀၁၈၇၂၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

သင့် သွေးဖြင့်
အသက်
ကယ်ပါ ။

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၀၁/ရေထွက်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၀၉၇)ဧကရှိ မြေနေရာအား ဦးကျော်ဝင်း အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၃၂/၂၀၂၁-၂၀၂၂)၊ ဂရန်စာချုပ်အမှတ်(၂၇/၂၀၂၂-၂၀၂၃)အရ (၁၈-၅-၂၀၂၂)ရက်မှ (၁၁-၆-၂၀၅၀)ရက်အထိ နှစ်(၃၀) မြေငှားဂရန်(မူလသက်တမ်းအတိုင်း)အား ရရှိခဲ့ပြီး ယခုအခါ မြေပြုပြင်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများ ပြုလုပ်ခဲ့ရာ ၎င်းမြေနေရာ၏ ဧရိယာမှာ(၀ ဒသမ ၁၀၃)ဧကရှိနေပါသဖြင့် မြေပြင်ပေါ်ရှိ ဧရိယာအမှန်ဖြစ်သည့် (၀ ဒသမ ၁၀၃)ဧကအား ဦးကျော်ဝင်း(၁၂/ဒဂန(နိုင်)၀၁၂၃၉၈)အမည်ဖြင့် မြေငှားဂရန်သစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၈၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမျိုးမင်း၊ ဦးကျော်ကျော်ထွေးနှင့် ဦးအောင်ကျော်မြင့်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လင်းလင်းကြည်(ဘ)ဦးအုန်းမောင်(၁/ဗမန(နိုင်)၀၃၆၂၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၀၁/ရေထွက်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅၈)၊ ဧရိယာ(၀ ဒသမ ၃၇၄)ဧကရှိ မြေနေရာအား ဦးကျော်ဝင်း အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၈၃/၂၀၂၁-၂၀၂၂)၊ ဂရန်စာချုပ်အမှတ်(၇၈/၂၀၂၂-၂၀၂၃)အရ (၁၈-၅-၂၀၂၂)ရက်မှ (၁၁-၆-၂၀၅၀)ရက်အထိ (မူလသက်တမ်းအတိုင်း) နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါ မြေဧရိယာ(၀ ဒသမ ၃၇၄)ဧကအနက် ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅၆/၈)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧကအား ဦးကျော်ဝင်း(၁၂/ဒဂန(နိုင်)၀၁၂၃၉၈)အမည်ဖြင့် ဦးပိုင်ခွဲစိတ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၃)၊ ဦးပိုင်အမှတ်(၃၅)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကံညွန့်၏ (SP ရရှိသူ ဒေါ်မာကြည်ခိုင်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၈၂၇/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သူ ဦးတင်ထွန်းနိုင်(၅/တဆန(နိုင်)၀၇၇၉၇၅)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၃၀/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၇)၊ ဦးပိုင်အမှတ်(၁၃)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၂၇လမ်းနှင့် ၁၂၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လီရှောင်ယို(၁၃/လကန(နိုင်)၀၀၆၃၂၆)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၁၃၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကြူကြူလှိုင်(၁၃/လကန(နိုင်)၀၀၄၇၄၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ မှန်တန်းရပ် ပလစ(၂)စက်မှုစိုက်ပျိုးသိပ္ပံ အထက်တန်းကျောင်း Grade(12)တွင် ပညာသင်ကြားနေသော မအိစီခါး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းဆိုင်ဝမ်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၉)၊ ဦးပိုင်အမှတ်(၅)၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဖုကွေ(၁/မကန(နိုင်)၀၆၀၅၄၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၁၀)၊ ဦးပိုင်အမှတ်(၄၃-က+၄၃-ခ)၊ ၁၄၃(B)လမ်းနှင့် ၁၄၄(C)လမ်းကြား၊ ၆၈လမ်းနှင့် ၆၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိုးမိုးဝင်း(ခ)ရီဖေချင်(၁၃/လရန(နိုင်)၀၈၃၃၃၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်စန်းဦး(၅/မရန(နိုင်)၀၄၈၀၄၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(ယခင် ၄၁၅N၊ ယခု ၄၁၅-မ/၈)၊ ဦးပိုင်အမှတ်( ယခင် ၉၃က၊ ယခု-၁)၊ ၈လမ်းမျက်နှာပြု၊ ဥယျာဉ်ကုန်းလမ်းနှင့် ၈၈လမ်းကြားရှိ ဂရန်မြေကွက်အမား အမည်ပေါက်သူ ခင်ပွန်း ဦးမြသန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မြသန်း(၉/မနမ(နိုင်)၀၃၅၀၀၆)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၉)၊ ဦးပိုင်အမှတ်(၆)၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖုကွေ(၁/မကန(နိုင်)၀၆၀၅၄၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၃)၊ ဦးပိုင်အမှတ်(၂-၄+၂-၃(ခဲစင်း))၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ချယ်ရီဦး(၁၃/ကခန(နိုင်)၀၈၉၉၃၄)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၈)၊ ဦးပိုင်အမှတ်(၁၀)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တသ မိုးဟိန်း(ခ)ဦးမိုးဟိန်း(၉/မနမ(နိုင်)၀၈၄၇၅၆)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၅၁/၂၀၂၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန်းနွယ်စိုး(၉/အမဇ(နိုင်)၀၂၄၄၁၁)က ၂၄၀ဝိ/-၊ ၄၀၀ဝိ/-၊ ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၉)၊ ဦးပိုင်အမှတ်(၄)၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဖုကွေ(၁/မကန(နိုင်)၀၆၀၅၄၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၀)၊ ဦးပိုင်အမှတ်(၁၀၅)၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ ၈၈လမ်းနှင့် ၈၉လမ်းကြားရှိ ဦးရန်ကင်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးရန်ကင်း၊ မိခင် ဒေါ်မြစိန်၊ သား ဦးသန်းကို(လူပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်ခင်မေသန်း(၉/မနတ(နိုင်)၀၁၅၁၂၉)၊ ဦးတင်မောင်အေး(၉/မနတ(နိုင်)၀၁၅၁၃၀)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၄)၊ ဦးပိုင်အမှတ်(၈၉-ခ)၊ ၅၆(A)လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းအောင်ကျော်(၉/မဟမ(နိုင်)၀၄၀၄၅၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၉)၊ ဦးပိုင်အမှတ်(၁၂-ဆ ခဲစင်း)၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဖခင် ဦးမောင်မောင်(၉/မနတ(နိုင်)၀၁၄၇၅၃)မှ သမီးအရင်းဖြစ်သူ ဒေါ်အေးမာသင်း အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဘိုးဘစာအုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(A-၉)၊ ဦးပိုင်အမှတ်(၇)၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ၅၂လမ်းနှင့် ၅၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဖုကွေ(၁/မကန(နိုင်)၀၆၀၅၄၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၇)၊ ဦးပိုင်အမှတ်(၁-က)၊ ၆၈လမ်းနှင့် ၄၂လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြတ်နိုးဦး(၉/မဟမ(နိုင်)၀၅၆၃၄၁)၊ ဒေါ်နှင်းထက်ထက်ဦး(၉/မဟမ(နိုင်)၀၅၈၆၀၁)၊ ဦးသန်းနိုင်ဦး(၉/မဟမ(နိုင်)၀၈၃၀၇၉)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၃)၊ ဦးပိုင်အမှတ်(၃၉-ခ)၊ ၅၇(A)လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းဇော်မြင့်(၉/မရမ(နိုင်)၀၀၅၀၁၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၈)၊ ဦးပိုင်အမှတ်(၇၈+၇၉)၊ ၄၃လမ်းနှင့် သိပ္ပံလမ်းကြား၊ ၆၆လမ်းနှင့် ၆၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဖခင် ဦးလှမျိုး(၁၂/အစန(နိုင်)၁၃၄၀၄၁)မှ သားဖြစ်သူ ဦးသန်းထိုက်(ခ)မျိုးမင်းထိုက်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၇)၊ ဦးပိုင်အမှတ်(၄+၅-က)ခဲစင်းမြောက်ခြမ်း၊ ၈၉လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ချိုချို(ခ)ညိုညိုယဉ်၊ ဒေါ်စိုးစိုးမြင့်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၉၉/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်ဖြိုး(၁/တနန(နိုင်)၀၁၂၅၆၂)က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၇)၊ ဦးပိုင်အမှတ်(၄၅ခဲစင်းအရှေ့ခြမ်း)၊ လမ်း၄၀နှင့် ၄၁လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်ဌေး(၅/မရန(နိုင်)၀၆၅၀၄၃)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၈)၊ ဦးပိုင်အမှတ်(၈၀)၊ ၄၃လမ်းနှင့် သိပ္ပံလမ်းကြား၊ ၆၆လမ်းနှင့် ၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဖခင် ဦးလှမျိုး(၁၂/အစန(နိုင်)၁၃၄၀၄၁)မှ သားဖြစ်သူ ဦးသန်းထိုက်(ခ)မျိုးမင်းထိုက်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် (၉) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၁

အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၉) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၉ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အစည်းအဝေး၏ ပူးတွဲသဘာပတိများဖြစ်ကြသည့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူများ သာယာဝပြောရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Shivraj Singh Chouhan နှင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး H.E. Francisco P. Tiu-Laurel, Jr. တို့က အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် ၂၀၂၆ ခုနှစ် ဧပြီ ၂၉ ရက်က အတည်ပြုခဲ့သည့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး ASEAN Ministers on Agriculture and Forestry (AMAF) ထုတ်ပြန်ချက်တွင် ပါဝင်သည့် ကမ္ဘာ့မသေချာမရေရာမှုများကြား၌ စားရေရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေး ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်များကို ကောင်းမွန်စေရေးအတွက် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများက အမြင်သဘောထားများ၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများ၊ ရာသီဥတုဆိုင်ရာ အနှောင့်အယှက်များ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ စားရေရိက္ခာနှင့် စိုက်ပျိုးရေးသွင်းအားစု ဈေးကွက်များ၏ မတည်ငြိမ်မှုများမှ သက်ရောက်လာမည့် အကျိုးဆက်များအပေါ် ကြံ့ကြံ့ခံနိုင်မှုရှိစေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် အဆက်မပြတ်စီးဆင်းမှုကို မြှင့်တင်နိုင်ရေးအတွက် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရေးတို့ကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဆွေးနွေးမှုများမှ (၉)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်မူကြမ်းကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့ပြင် (၁၀)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို ၂၀၂၈ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသွားရန်၊ ကျင်းပမည့် နေ့ရက်နှင့်အချိန်တို့ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသို့ အသိပေးအကြောင်းကြားသွားရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့်တောင်သူလယ်သမား သာယာဝပြောရေး ဝန်ကြီးဌာန ဝန်ကြီးနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အာသံဒေါင်းတောင်းတက္ကသိုလ်တို့အကြား ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ဖလှယ်ရေး နားလည်မှုစာချွန်လွှာတို့အား လက်မှတ်ရေးထိုးနိုင်ရေး၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် နည်းပညာဆိုင်ရာ အဆိုပြုလွှာငါးခုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့အတူ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် သုတေသနဆိုင်ရာကောင်စီမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ တွေ့ဆုံဆွေးနွေးခြင်း၊ ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လေ့လာရေးအစီအစဉ်အရ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးသုတေသနဆိုင်ရာတက္ကသိုလ်ရှိ ဖန်လုံအိမ်ဖြင့် စိုက်ပျိုးခြင်းနည်းပညာဆိုင်ရာ ဗဟိုဌာနတွင် အာဟာရရည် အပြန်အလှန်လည်ပတ်စီးဆင်းစေသော မြေမပါဘဲ ရေနှင့်အာဟာရရည်ဖြင့်သာ ဆီးချိုကျန်းမာရေးအတွက် အသုံးဝင်သော အင်ဆူလင်ပင်ကို စိုက်ပျိုးသည့် ခေတ်မီနည်းပညာ၊ လူးဆပ်စိုက်ခင်း၊ ဘာစမာတီစပါးခင်းအပါအဝင် အထွက်နှုန်းကောင်းမွန်စေရေး သုတေသနပြုစိုက်ပျိုးထားသည့် စိုက်ခင်းများ၊ အပင်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝကမ္မဗေဒဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာ လက္ခဏာရပ်များ (Phenotypes)ကို စနစ်တကျ တိုင်းတာဆန်းစစ်သည့် အဆင့်မြင့်သုတေသနစင်တာ၊ အပင်အမျိုးမျိုး၏မျိုးရိုးဗီဇများကို ထိန်းသိမ်းထားသည့် မျိုးစေ့ဘဏ်တို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## နမ့်စန်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရှမ်းပြည်နယ် နမ့်စန်ခရိုင် နမ့်စန်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၁,၉၃၃ ဧကရှိသောနယ်မြေကို **“နမ့်စန်ကြိုးပြင်ကာကွယ်တော”** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်) မှစ၍ သတ်မှတ်လိုက်သည်။

စာမျက်နှာ ၉ သို့ ☆

## ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို(အမျိုးသား/အမျိုးသမီး) Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ Mix Team အသင်းလိုက် အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ (C)၌ ကျင်းပသည်။

စာမျက်နှာ ၉ သို့ ✪





## မန်ယူအသင်းက ဆာဘက်ရှ်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၁၁**

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေး လိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်ယူအသင်းနှင့် ဆာဘက်ရှ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူအသင်းက ဆာဘက်ရှ် အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် မန်ယူအသင်းသည် ခြေစွမ်းအသာဖြင့် ယှဉ်ပြိုင်ကစားပြီး ဂိုးပြတ်အနိုင် ရယူခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ကွန်ညာ၊ ပွဲချိန် ၄၂ မိနစ်တွင် ဘရူနိုဖာနန်ဒက်စ်၊ ပွဲချိန် ၄၅ မိနစ်တွင် ဆက်စ်ကို၊ ပွဲချိန် ၆၈ မိနစ်တွင် လီဆန်ဒရိုမာတီနက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

မန်ယူအသင်းသည် ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၄ ရက်တွင် အက်သလက်တီကိုမက်ဒရစ် အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)